www.burmeseclassic.com




# မြန်မာ့သမိုင်းပုံပြင်



www.burmeseclassic.com

www.burmeseclassic.com

| ဦးရေ | မာတိကာစဉ် | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁။ | မင်းကြီးအဘိရာဇာ။ | ၁ |
| ၂။ | မျက်မမြင်မင်းသားညီနောင်။ | ၁၁ |
| ၃။ | ဒွတ္တဘောင်မင်းကြီး။ | ၁၄ |
| ၄။ | သူရဲကောင်း ဖြူစောထီး။ | ၁၈ |
| ၅။ | အိမ်တွင်းမင်းမဟာဂီရိ။ | ၂၂ |
| ၆။ | အသားမင်းသား။ | ၂၄ |
| ၇။ | အနော်ရထာမင်းမြတ်။ | ၃၀ |
| ၈။ | ကျန်စစ်သား။ | ၃၇ |
| ၉။ | အနန္တသူရိယအမတ်။ | ၄၂ |
| ၁၀။ | မိဖုရားစောလုံ။ | ၄၄ |
| ၁၁။ | မွန်လူမျိုးမကဒူး။ | ၄၉ |
| ၁၂။ | သံပျင်မင်းသို။ | ၅၃ |
| ၁၃။ | ငါးစီးရှင်နှင့် ခင်ညို။ | ၅၉ |
| ၁၄။ | သူရွေးသိမ်းသုဘဒ္ဒါ။ | ၆၅ |
| ၁၅။ | တရားစောင့်သော ရန်နိုင်မင်း။ | ၇၀ |
| ၁၆။ | မိဖုရားဖွါးစော။ | ၇၃ |
| ၁၇။ | ပညာရှိ ဝန်ဇင်း မင်းရာဇာ။ | ၇၈ |
| ၁၈။ | မွန်သူရဲကောင်း လဂွန်းအိမ်။ | ၈၃ |
| ၁၉။ | ပင်းယစညီသူမြတ်။ | ၈၆ |
| ၂၀။ | ဆင်ဖြူရှင်မင်းတရားကြီး။ | ၈၉ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဦးရေ ဇာတ်ကားစဉ် စာမျက်နှာ


၂၁။ စည်သူကျော်ထင်၏နှလုံးရည်။ ၉၄

၂၂။ ဘုရင်မ ရှင်စောပု။ ၉၇

၂၃။ နတ်သျှင်နောင်။ ၁၀၀

၂၄။ ကရင်ဖါးစည်။ ၁၀၄

၂၅။ ပဒေသရာဇာ။ ၁၀၈

၂၆။ အလောင်းမင်းတရားကြီး။ ၁၁၀

၂၇။ မင်းခေါင်နော်ရထာ။ ၁၁၅

၂၈။ တရုပ်မြန်မာစစ်ပွဲတွင် နာမည်ရ လူစွမ်းကောင်းများ။ ၁၁၆

၂၉။ စာဆိုတော်ဦးစ။ ၁၂၃

၃၀။ စစ်သူကြီးမဟာဗန္ဓုလ။ ၁၂၇

၃၁။ မိဖုယား မဲမြကလေး။ ၁၃၂

၃၂။ စလေ ဦးပုည။ ၁၃၄

၃၃။ ဗိုလ်ချုပ်အောင်ဆန်း။ ၁၃၆


# နိဒါန်း

ပဋ္ဌ ရဏံ အဃံ ဝန္တာဓိ သဗ္ဗဒါ။

နိုင်ငံတော်အစိုးရသည်။ ယခုနှစ်ဦးမှစ၍ ပညာရေးပြန်လည်ထူထောင်မှု လုပ်ငန်းကို အသေး ဝါယာမ စိုက်ထုတ်၍ ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရပေသည်။ ထိုသို့ပညာရေး ပြန်လည်ထူထောင်မှုကို ဆောင်ရွက်နေခြင်းမှာ။ နှစ်များမကြာမီသော အနာဂါတ် ကာလတွင် တိုင်းပြည်ဆူပူသောင်းကျန်းမှုကိုဖန်တီးပေးနိုင်သောပညာမဲ့များပပျောက်၍။ ပညာ ခြေခံနှင့်ပြည့်စုံသောပြည်သူပြည်သားကောင်းများ ထွက်ပေါ်လာရေးအတွက် ရည်ရွယ်သည်ဟု သိရှိရပေသည်။

သို့သော် ပညာရေး ပြန်လည်ထူထောင်မှုသည်၊အစိုးရတဦးတည်း။ တာဝန်ခံ၍ လုပ်ကိုင် ခြင်းဖြင့်။ ချောချောမောမော အောင်မြင်နိုင်လိမ့်မည်မဟုတ် ချေ။ အစိုးရအဖွဲ့မှ တာဝန်ခံပုဂ္ဂိုလ်များနှင့်ပြည်သူလူထုထဲမှ နှံ့စပ်ကျွမ်းကျင်သူ ပညာရှိများတို့ ပူးပေါင်း၍။ ဆောင်ရွက်လုပ်ကိုင်မှသာလျှင်။ အောင်မြင်ထမြောက်နိုင်ပေမည်။ ဤအချက်ကို ကြိုတင်နားလည်ပြီးသော အစိုးရအဖွဲ့မှ ကြိုးကိုင် ပုဂ္ဂိုလ်တို့သည်။ ပညာရေး ပြန်လည်ထူထောင်မှုတွင် အရေးတကြီးလိုနေသော ကျောင်းသုံးစာအုပ်များကို ကူညီရေးသားပေးကြပါဟု ပြည်သူလူထုထံ အကူအညီတောင်းလိုက်ရာ။ ဤ

www.burmeseclassic.com



တောင်းဆိုချက်ကို ဖြည့်စွက်ပေးလိုသော ကျွန်ုပ်တို့က မိမိတို့ ကျွမ်းကျင်သော ဘာသာရပ်များဖြင့်၊ ကျောင်းသုံး စာအုပ် အချို့ကို ရေးသားထုတ်ဝေခဲ့ပေသည်။

ဤ "မြန်မာ့သမိုင်းပုံပြင်" စာအုပ်သည်လည်း၊ ပညာရေး ပြန်လည်ထူထောင်မှုကို ကူညီအားပေးလိုသော စေတနာဖြင့်၊ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပေသည်။

မြန်မာ့သမိုင်းမှ ပုံပြင်များကို၊ မူလတန်း ကျောင်းသားများ သင်ကြားရမည်ဟု ပြဋ္ဌာန်း ထားသော်လည်း၊ ပုံပြင်ပေါင်းမည်မျှ မည်မျှကို သင်ကြားရမည်ဟု တိတိကျကျ သတ်မှတ်မပေးသဖြင့်၊ သင်ပြသူဆရာ-ဆရာမများနှင့် ရေးသားပြုစုသူ ကျွန်ုပ်တို့မှာ၊ ပုံပြင်ရွေးချယ်ရာတွင် အခက်အခဲတွေ့ကြရပေသည်။

သို့သော် လက်ရှိ မြန်မာနိုင်ငံ၏အခြေအနေနှင့် အလယ်တန်းဆင့်များ၌ ဆက်လက် သင်ကြားရမည့် သင်ရိုးညွှန်းတမ်းပညာရပ်တို့ကို စဉ်းစားနိုင်းချိန် ကြည့်လိုက်သောအခါ၊ (၁) အရေးကြီးသော တိုင်းပြည်ပြု ပုဂ္ဂိုလ်များ၊ (၂) နှစ်လုံးရည်-လက်ရုံးရည်တို့၌ အစွမ်းထက်ခဲ့သော လူရည်ချွန်များ၊ (၃) ထင်ရှား ကြီးကျယ်သော အများအကျိုးဆောင်လုပ်ငန်းများတို့ကို တွေ့ရပေသည်။ ဤစာအုပ်တွင် ဤအချက်သုံးချက်စလုံးကို ပါနိုင်သမျှ ပါနိုင်အောင် ဂရုပြု၍ စိစဉ်ရေးသားထားပေသည်။

ဥပမာဆိုသော်၊ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရား၊ ဗိုလ်ချုပ် အောင်ဆန်း စသော ပုဂ္ဂိုလ်များသည် တိုင်းပြည်ပြု ပုဂ္ဂိုလ်များ ဖြစ်သကဲ့သို့ ဝန်ဇင်းမင်းရာဇာ၊ စာဆိုတော်ဦးစ၊ မဟာဗန္ဓုလ စသော လူရည်ချွန်တို့သည်လည်း၊ လက်ရုံးရည်-နှစ်လုံးရည် တို့တွင် အစွမ်းထက်သူများ ဖြစ်ကြသဖြင့်၊ မြန်မာ့သမိုင်း၌ ချန်ထား၍ မဖြစ်နိုင်သော စံပြခေါင်းဆောင်များ ဖြစ်ကြပေသည်။

ကလေးသူငယ်တို့သည်၊ ပုံပြင်ဝတ္ထုကလေးများကို နှစ်သက်သူများဖြစ်ကြသဖြင့်၊ ထိုကဲ့သို့သော မြန်မာ့သမိုင်းမှ လက်ရွေးစဉ် စံပြပုဂ္ဂိုလ်များ အကြောင်းကို၊ သင်ကြားသွားရလျှင်၊ ၎င်းတို့ကြီးပြင်းလာသောအခါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အကျိုးကို ဆောင်ရွက် လိုသော ပြည်သူပြည်သားကောင်းများ ဖြစ်လာနိုင်ပေသည်။

ကျွန်ုပ်တို့နိုင်ငံသည်၊ အနာဂါတ် ကာလတွင် ဤကဲ့သို့သော သားကောင်း သမီးကောင်းများကို မွေးထုတ်ပေးနိုင်ပါက ကမ္ဘာ့လူမျိုးစု အလယ်တွင် တင့်တယ် ရွှန်းလန်းစွာနေထိုင်သွားနိုင်မည်ဖြစ်သဖြင့်၊ ဤစာအုပ်ကိုသင်ကြားနေသော ကျောင်းသားလူငယ်တို့သည်၊ စာအုပ်ပါ ပုဂ္ဂိုလ်များ ကဲ့သို့ ထူးချွန်သူများ ဖြစ်လာအောင်၊ ကြိုးစားအားထုတ် သင့်ကြပေသတည်း။

**ဆရာကျော်** **မောင်ထွန်းရှိန်။**

၁-၇-၅၂။ ၁-၇-၅၂။

www.burmeseclassic.com



# (၁) မင်းကြီး အခတိရာဇာ၊

## တကောင်းမြို့။




မင်းကြီးအဘိရာဇာသည်။ သာကီဝင်မင်းမျိုးဖြစ်၍ ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း သုံးရာကျော် လောက်က။ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ရှေးဦးစွာ ဝင်ရောက် လာခဲ့။ တကောင်း မြို့ကြီးကို ရှေးဦးဆုံး တည်ထောင်အုပ်စိုးသည်။

## သားတော်နှစ်ပါး။

ထိုမင်းတွင်။သားတော်ကံရာဇာကြီး ကံရာဇာငယ်ဟူ၍ သားတော် နှစ်ပါးရှိသည်။ တခါသော်၊ သားတော်နှစ်ပါး အနက်။ မည်သူသည် ထီးနန်းစည်းစိမ်နှင့် ထိုက်တန်လေသနည်းဟု ခွဲခြမ်းလို၍။ညချင်းတွင်း စေတီတဆူပြီးအောင် တည်စေ၏။ သားတော်ငယ်က အလျှင်ပြီးသဖြင့်၊ အိမ်ရှေ့ အရာအပ်နှင်းတော်မူသည်။

မင်းကြီးအဘိရာဇာ ကွယ်လွန်သောအခါ။သားတော်ငယ် ကံရာဇာက ဆက်ခံ စိုးစံတော်မူသည်။ နောင်တော်ဖြစ်သူ ကံရာဇာကြီး မင်းသားမှာမူကား၊ တလေးအောင်ညို၊ ကျောက်ပန်းတောင်း၊ ရေညဝတီ မြို့ဟောင်း စသောမြို့ရယ် အသီးထီးသို့ အဆင့်ဆင့် ပြောင်းရွှေ့၍ စိုးစံတော် မူခဲ့သည်။ တကောင်းမြို့ကြီးကို အဘိရာဇာမင်းကြီးက ရှေးဦးစွာ တည်ထောင်တော် မူခဲ့သောကြောင့်။



“မြန်မာအစ။ တကောင်းက၊ ပြောကြစဉ်အလာ သာကီနွယ်ရင်း၊ ဝင်ရောက်ခြင်း။ မင်းအဘိရာဇာ” ဟူ၍ ယနေ့ထက်တိုင်အောင်၊ ခေါ်ဆိုခဲ့ကြသည်။

www.burmeseclassic.com



ဂျပန်ခေတ် ဗမာ့တပ်မတော်။

(စာမျက်နှာ ၁၄၃ ကိုကြည့်ပါ။)



# (၂) မျက်မမြင်မင်းသားညီနောင်




တကောင်းပြည်ကြီးကို အုပ်စိုးစံတော်မူခဲ့သော။ သတိုးမဟာရာဇာမင်းကြီးတွင်၊ မဟာသမ္ဘဝနှင့်စူဠသမ္ဘဝဟူ၍ သားတော်နှစ်ပါးရှိ၏။ သားတော်နှစ်ပါးစလုံး မျက်စိမမြင်သည့်ကိုရှက်တော်မူသဖြင့်၊ ဖွားမြင်စကတည်းက တိတ်တဆိတ်သတ်ပြစ်ရန်။ ငရဲသားကြီးအား အမိန့်ပေးတော်မူသည်။ သို့သော် မိဖုယားကြီးသည်၊ မိမိရင်နှစ်ခြိုက်သောသားတော်များကို မသတ်ရက်သဖြင့်၊ မင်းကြီး မသိရအောင် တိတ်တဆိတ်ဖွက်ထားလေ၏။ နှစ်ပေါင်း အတော်ကြာသော

www.burmeseclassic.com



အခါ၊ ထိုအကြောင်းကို မင်းကြီး သိလေ သဖြင့်၊ တယ် မိဖုယား၊ သင်၏ သားတော်များကို ယခုပင် ပျောက်ဖျက် ပြစ်လော့ဟု မိန့်ကြားတော်မူသည်။ မယ်တော်ဖြစ်သူမိဖုယား ကြီးသည်။ သားတော် နှစ်ပါးကို မသတ်ဖြတ်လို သဖြင့်၊ ဖေါင်ပေါ်တင်၍ စားနပ်ရိက္ခာ အပြည့်အစုံ ထည့်ပြီးလျှင်၊ ဧရာဝတီမြစ်အတိုင်း မျှောချလိုက်လေသည်။

## စစ်ကိုင်း–စကု–ရွှာလင်း။

မင်းသားတို့စီးလာသော ဖေါင်တော်သည်၊ စစ်ပင်ကြီး ကိုင်းကျနေသောနေရာသို့ရောက်လျှင်၊ ဖေါင်တော်တိုက်မိ လေ၏။ ထိုအရပ်ကို ယခုအခါတွင်၊ "စစ်ကိုင်းမြို့"ဟု ခေါ်ကြသည်၊ ထိုအရပ်တွင် နေသော စန္ဒမုခီ ဘီလူးမ သည် မင်းသားတို့၏စားသောက်ဘွယ်များကို ဝင်ရောက် စားသောက် လုမှအစပြု၍၊ မင်းသားတို့နှင့်သိကျွမ်းပြီးလျှင် မျက်မမြင် ရောဂါကို ကုသပေးရန် ဝန်ခံဂတိပြုလိုက်လေ သည်။ ထိုဂတိအတိုင်း ဖေါင်ပေါ်တွင် အတူတကွ လိုက် ပါ၍ ကုသပေးရာ၊ မကြာမှီပင်၊ မင်းသားညီနောင်နှစ်ပါး စလုံး စက္ခုအလင်းကို ရရှိကြလေသည်။ မင်းသားတို့ကို စ,ကုသောနေရာအား၊ "စကု"ဟူ၍၎င်း၊ မင်းသားတို့မျက်စိ အလင်းရောင်ရသော နေရာအား "ရွှာလင်း"ဟူ၍ ၎င်း၊ ယခုထက်တိုင် ခေါ်ဝေါ်ခဲ့ကြသည်။

## သေဒါရီနှင့် တွေ့ခြင်း။

မင်းသားညီနောင်တို့သည်၊ မျက်စိအလင်းကို ရရှိပြီး နောက်၊ ဧရာဝတီ မြစ်စဉ် အတိုင်း စုန်ဆင်း သွားခဲ့ရာ။



ကုန္တပြင်အရပ်သို့ရောက်သောအခါ၊ ဖေါင်တော်ကို ကမ်း သို့ကပ်၍ ကုန်းပေါ်သို့တက်သွားကြလေ၏။ ထိုအရပ်တွင် မင်းသားတို့၏ ဦးရီးတော်ဖြစ်သူ ရှင်ရသေ့၏သမီး သေဒါရီ သည်။ ရေခပ်လာခိုက် ကြုံကြိုက်သည်နှင့် မင်းသား တို့ နှင့် တွေ့ရှိကြလေ၏။ သေဒါရီက မင်းသားညီနောင်တို့အား ရှင်ရသေ့၏ ကျောင်းတော်သို့ ခေါ် ဆောင် သွားလေ၏။ ရသေ့ကြီးက မင်းသားညီနောင်တို့၏ အမျိုးအနွယ်ကိုမေး မြန်းစုံစမ်းရာ၊ မင်းသားတို့ကလည်း မိမိတို့၏ အဖြစ်အပျက် ကိုပြန်လည် တင်လျှောက် သောကြောင့်၊ မိမိ၏ တူတော် များဖြစ်ကြောင်းကို သိရလေ၏။

## ရသေ့မြို့ကိုတည်ခြင်း။

ဦးရီးတော်ရသေ့ကြီးသည်၊ တူတော်အကြီးမဟာသမ္ဘဝမင်းသားနှင့် သမီးတော်သေဒါရီတို့ကိုစုံဘက်ပေးပြီးလျှင်၊ ရသေ့မြို့ကိုတည်ထောင်၍မင်းပြုစေခဲ့သည်။ မဟာသမ္ဘဝမင်း နတ်ရွာစံလျှင်၊ ညီတော်စူဠသမ္ဘဝမင်းသားက မရီးတော် သေဒါရီကိုပင် မိဖုယားမြှောက်၍ဆက်လက်စိုးစံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


# (၃) ဒွတ္တဘောင်မင်းကြီး။

ဒွတ္တဘောင် မင်းကြီးသည်။ သရေခေတ္တရာ ပြည်ကို ရှေးဦးစွာ တည်ထောင်ခဲ့သောမင်းဖြစ်သည်။ ရှေးက သရေခေတ္တရာမြို့ဟောင်းနေရာမှာ။ ယခုခေတ် ပြည်မြို့အနီးတွင် ရှိသော မှော်ဇာမြို့ကလေး ဖြစ်သည်။

## အဘာညီနောင်။

ဒွတ္တဘောင် မင်းကြီးသည်။ ဘေဒါရီ၏ သားတော် ဖြစ်သည်။နောင်တော်မဟာသမ္ဘဝမင်းနတ်ရွာစံ၍။ညီတော် ရှုဋ္ဌသမ္ဘဝမင်း နန်းတက်သော အခါ။ ဘေဒါရီမိဖုယား၌ မဟာသမ္ဘဝမင်းနှင့် ရသော ပဋိသန္ဓေ ကျန်ရစ်ခဲ့သည်။ ညီတော် ရှုဋ္ဌသမ္ဘဝမင်းလက်ထက်တွင်။ ဒွတ္တဘောင်မင်းကို ဖွါးမြင်သောကြောင့်။ အဘာညီနောင်၊ ဒွတ္တဘောင်-ဟု ခေါ် ဆိုခဲ့ကြခြင်းဖြစ်လေသည်။

## သရေခေတ္တရာမြို့။

ဒွတ္တဘောင်မင်းကြီးကား၊ ဖွါးမြင်တော်မူကတည်းက နဖူးပေါ်တွင် မျှရှင်ပါလာ သဖြင့်။ အလွန်ဘုန်းတန်ခိုး ကြီးမားလှသည်။နန်းတက်စဉ်က၊သိကြားမင်းကိုယ်တိုင် မ,ချီ၍ ရာဇပလ္လင်ပေါ်သို့ တင်ပေးခဲ့ရသည်။ သရေ ခေတ္တရာမြို့ကြီးကို။ သူမြတ် ခုနစ်ဦး၏ အကူအညီဖြင့်။ သာသနာ သက္ကရာဇ် ၁၀၁-ခုနှစ်တွင် တည်ထောင်တော်မူခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com

### အခွန်တော်ကောက်ခံခြင်း။

ဒွတ္တဘောင် မင်းကြီးသည် သိကြားမင်း ပေးသော လှံ့စကြာနှင့် စည်ကြီးများကိုရရှိသော ဘုန်းကံရှင် မင်းတပါး ဖြစ်၏။ နိုင်ငံတော် အရပ်ရပ်၌ တနှစ်တကြိမ် အခွန်တော် ကောက်ခံ တော်မူ၏။ အခွန်တော် မဆက်သသော လက်အောက်ခံ မင်းများအား။ လှံ့စကြာတွင် စာဆွဲ၍ စေလွှတ်တောင်းခံ၏။ မင်းကြီး၏ ဘုန်းတံခိုးကြီးမားလှသောကြောင့် နဂါးပြည်မှပင် လာရောက်၍ အခွန်တော်ဆက်ရ၏။

မင်းကြီးသည်။ မည်မျှပင် ဘုန်းတန်ခိုး ကြီးမားလှသော်လည်း။ ပန်ထွာ မင်းသမီးဆက်သလိုက်သောမျက်နှာသုတ်ပုဝါကို သုတ်မိ ကတည်းက။ မှဲ့ရှင် ကွယ်၍။ ဘုန်းတန်ခိုးနိမ့်ခဲ့ရသည်။ ထိုသို့ဘုန်းတန်ခိုး နိမ့်ခဲ့သောကြောင့်။ မိမိ မိုင်နိုင်ငံတော်အရပ်ရပ်၌။ ဘောင်တော် စီး၍ အခွန်တော် လှည့်လည်ကောက်ခံရာ။ ပုသိမ်မြစ်ဝ အလွန် နေဂရေအော့ ရွှန်းသို့ရောက်လျှင်။ ဘောင်တော် နစ်မြုပ်၍ နတ်ရွာစံလွန်တော်မူခဲ့သည်။

### စေတီပုထိုးတည်ခြင်း။

မင်းကြီးသည် မြတ်စွာဘုရား ဗျာဒိတ် ရသူ ဖြစ်သောကြောင့်။ စေတီပုထိုး မြောက်မြားစွာကို တည်လုပ်ခဲ့ရာ။ သရေခေတ္တရာ မြို့ဟောင်းအနီးတွင်မင်းကြီး တည်လုပ်ခဲ့သော စေတီပုထိုးတို့ကို။ ယနေ့တိုင်အောင် တွေ့မြင်နိုင်ပေသည်။

ဘုန်းပညာနှင့် ပြည့်စုံသူသည် အရာရာတိုင်း၌ မိုမို၍ သတိထားသင့်သည်။



### လေ့ကျင့်ခန်း ၁။

၁။ အောက်ပါ ကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကိုဖြည့်စွက်ပါ။

(က) တကောင်းပြည်ကို။ ......................မင်း စတင်တည်ထောင်သည်။

(ခ) ဒွတ္တဘောင်မင်းကြီးသည်။ ...................... ကို စတင်တည်ထောင်ခဲ့သည်။

၂။ ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့သည်။ မည်သူများ ဖြစ်ကြသနည်း။

၃။ စစ်ကိုင်း။ စကု၊ စလင်း။ ရသေ့မြို့တို့စတင်ဖြစ်ပေါ်လာပုံကို ရေးသားဖော်ပြပါ။

၄။ ဒွတ္တဘောင်မင်းကြီး၏ ဘုန်းတန်ခိုးကြီးမားပုံကို ရေးသားဖော်ပြပါ။

၅။ မြန်မာပြည်သို့ အဘိရာဇာမင်းကြီး ဝင်ရောက်လာသော လမ်းကို မြေပုံရေးဆွဲပြပါ။

၆။ ရှုဠာသမ္ဘဝနှင့် မဟာသမ္ဘဝမင်းသား ညီနောင်သည်။ အဘယ့်ကြောင့် မျက်စိ အလင်း ရောင်ကို ရခဲ့ကြသနည်း။

www.burmeseclassic.com

www.burmeseclassic.com


# (၄) သူရဲကောင်းပြူစောထီး။

## ရှေးဘပုဂံပြည်။

ရှေးအခါက ပုဂံပြည်တွင် စိုးစံနေသော သမုတိရာဇ် မင်းလက်ထက်၌။ ငှက်ကြီး-ဝက်ကြီး-ကျားကြီးနှင့် ရှုးပျံ တို့သည်။တိုင်းပြည်မငြိမ်သက်အောင် နှောက်ယှက် မင်းမူ နေကြ၏။ ထိုရန်သူတို့ကို ဖြိုခွင်းရန်။ ပြူစောထီးမင်းသား ပေါ်ထွက်လာလေသည်။

## လေးအတတ်ပညာ။

ပြူစောထီးသည်၊ တကောင်းမင်းမျိုး အဆက်အနွယ် ဖြစ်သော သတိုးအာဒိစ္စရာဇာမင်း၏သားတည်း။ သူသည် တိုင်းပြည် မငြိမ်မသက် ဖြစ်စဉ်အခါ၌၊ ပုဂံပြည်အနီးသို့ ခို အောင်းဝင်ရောက်လာ၍ လူအိုလင်မယားထံတွင် ခေတ္တမှီ ခိုနေထိုင်ခဲ့ရသည်။ လေးပစ်ခြင်းအတတ်ပညာကိုကား။ အသက် ၇ နှစ်သား အရွယ်ကပင်။ ကျွမ်းကျင်စွာ တတ် မြောက်လာခဲ့သည်။

တနေ့သော် လေးအတတ်ကို စမ်းသပ်ကြည့်အံ့ဟု စိတ် ကူးကြံစည်မိသော ပြူစောထီးသည်။ မိမိ၏လေးမျှားကိုယူ ၍တောထဲသို့ ထွက်လာလေ၏။ တောထဲတွင် ဝက်ကြီးကို တွေ့ရှိသဖြင့်။ လေးဖြင့် ပစ်ခွင်းလိုက်လေသည်။ ဝက်ကြီး မှာ။ လေးမြှား၏ ဒါဏ်ချက်ကြောင့် သေဆုံးသွားတော့ သည်။



ပြူစောထီး-ငှက်ကြီးကို ပစ်ခွင်းနေပုံ။

www.burmeseclassic.com

www.burmeseclassic.com

### ငှက်ကြီးကို ပစ်ခွင်းပြန်ခြင်း။

ဝက်ကြီးသေပြီးနောက်။ ၃ ရက်ကြာသောအခါ။ ငှက်ကြီးရှိရာသို့ထွက်လာခဲ့ပြန်သည်။ ထိုနေ့တွင် ငှက်စာသွားမို့သူသည်။ မိန်းမပျိုခုနစ်ယောက်ကိုခေါ်ဆောင်၍။ ငှက်စာကျွေးရန်လာခိုက်ဖြစ်သဖြင့်။ ပြူစောထီးနှင့် တွေ့ကြသောအခါ။ ပြူစောထီးက မိန်းမပျို ခုနစ်ယောက်၏ အသက်ကို ကယ်ဆယ်ပြီးလျှင် ငှက်ကြီးကို လေးမြှားဖြင့်ပစ်သတ်လိုက်လေသည်။

### မင်းအဖြစ်ကိုရရှိခြင်း။

ထိုအကြောင်းကို။ ပုဂံ ပြည့်ရှင် မင်းကြီး ကြားသိရသော်။ အလွန်နှစ်သက် အားရတော် မူသဖြင့်။ သမီးတော် စန္ဒာဒေဝီနှင့် ပြူစောထီးကို လက်ထပ် ထိမ်းမြား ပေး၍ အိမ်ရှေ့မင်း ရာထူးဖြင့် ချီးမြှောက်တော်မူသည်။ နောက်သော် ပြူစောထီးပင် မင်းဖြစ်တော်မူသည်။

ပြူစောထီးသည်။ အလွန်ပင် အားခွန်ဗလ ကောင်းသဖြင့်။ အသက် ၁၁၀-ထိအောင်။ ထီးနန်းစိုးစံခဲ့ရသည်။ ငှက်ကြီးကို ပစ်သတ်သော နေရာအား၊ ယခုထက်တိုင် "ငှက်ပစ်တောင်" ဟု ခေါ်နေကြသည်။

(ယောက်ျားကောင်းမှန်လျှင်။ စွမ်းရည်သတ္တိနှင့် ပြည့်စုံရမည်)။






www.burmeseclassic.com

www.burmeseclassic.com



## (၅) အိမ်တွင်းမင်းမဟာဂီရိ။

သာသနာ သက္ကရာဇ် ၈၈၈ ခုနှစ်တွင်၊ ပုဂံပြည်၌ သော်လည်းကြောင်း မင်းကြီး စိုးစံလျက်ရှိ၏။ ထိုအချိန်က တကောင်းမြို့ဟောင်း၌။ ပန်းဘဲဆရာ မောင်တင့်တော်၏ သား မောင်တင့်တယ်သည်။ခွန်အားဗလ ကြီးမား၍အလွန် သန်စွမ်း၏။ အသက် ဆယ့်ခြောက်နှစ်သားအရွယ်ရောက် သောအခါ။ ဆင်ကို ချိမ်၍ အစွယ်ကိုချိုးပစ်နိုင်၏။

### သတ်ရန် အမိန့်ထုတ်ခြင်း။

ထိုအကြောင်းကို တကောင်းမင်းကြီး ကြားလေလျှင်။ ငါမိ၏ထီးနန်းကို လုယူမည် စိုးရိမ်သောကြောင့်။ ဖမ်း၍သတ် လေဟု အမိန့်ထုတ်လေ၏။ သေဘေးကို ကြောက်ရွံ့သော မောင်တင့်တယ်မှာကား။ တောတခုသို့ ထွက်ပြေး၍ ပုန်းရှောင်နေရ၏။

### ပဒိုယာသယ် ဥာဏ်ဆင်ခြင်း။

မင်းကြီးလည်း၊ မောင်တင့်တယ်ကို ဖမ်း၍မမိသမျှ စိတ် မအေးရသေးသဖြင့်။ ပရိယာယ် ဥာဏ်ဆင်၍၊ မောင်တင့် တယ်၏နှမ စောမယ်ယာခေါ်၊ လှမြတ်စွာကိုမိဖုရားမြှောက် လိုက်လေ၏။ ထိုသို့မိဖုရားမြှောက်ပြီးမှ၊ သင်၏မောင်သည် ခွန်အားဗလ ကြီးမားသောကြောင့်။ ငါ့မြို့ဝန် ခန့်တော်မူလို သည်။ အမြန်ဆင့်ခေါ်လေဟု အမိန့်ပေးတော်မူသည်။

မင်းကြီး၏မိန့်ဆိုချက်ကို စောမြတ်စွာက ယုံကြည်သဖြင့်



မောင်ဖြစ်သူ မောင်တင့်တယ်ကို အမြန် လာရောက်ရန် မိန့်မှာလိုက်သည်။

### မိကျောင်းထိုးသတ်ခြင်း။

မောင်တင့်တယ်သည်။ မင်းကြီး က လည်ဆယ်ခေါ်ယူ သည်ကို အကယ်ပင် ထင်မှတ်ယုံကြည်သဖြင့်။ တကောင်း မြို့သို့ ပြန်လာ လေသည်။သို့သော် မင်းကြီးက၊ သူ့ကိုမြို့ဝန် ခန့်မည့်အစား ချက်ခြင်း ဖမ်းဆီး စေ၍၊ စကားပင်တွင် ချည်နှောင်ပြီးလျှင်၊ မီးကျောင်းထိုးသတ်ရန် အမိန့်ချမှတ်တော်မူ လိုက်သည်။ ထိုအကြောင်းကို နှမတော် လှမြတ်စွာ ကြား သိလေသော်၊ အမြန် ပြေးလာ၍ မီးပုံတွင်းသို့ ခုန်ချလိုက် လေသည်။

### နတ်ဖြစ်ခြင်း။

ထိုမောင်နှမ ကွယ်လွန်ပြီးနောက်။နတ်ဖြစ်၍ စကားပင် တွင် နေကြ၏။ စကားပင်၌ လူ-သူ-ကျွဲ-နွား ချည် မိလျှင် သေသည်သာများလေ၏၊ထိုအကြောင်းကိုမင်းကြီး ကြားသိ လေသော်။ စကားပင်ကိုတူး၍ ဧရာဝတီမြစ်ထဲသို့ မျှောချ လိုက်လေသည်။

ပုဂံသို့ ရောက်သော အခါ၊ စကားပင်ကို သော်လည်း ကြောင်း မင်းကြီးက ဆယ်ယူ၍။ နတ်မောင်နှမရုပ်-ထုလုပ် ပြီးလျှင်၊ ပုပ္ပါးတောင်မှာ ထားလေ၏။ ထိုနတ်မောင်နှမကို အိမ်တွင်းမင်းမဟာဂီရိဟု ယခုထက်ထိုင် ခေါ်ဝေါ်လျက်ရှိ ကြလေသည်။

ထိုအိမ်တွင်း မင်းမဟာဂီရိနတ်သည်။ ပုဂံပြည်တွင် စိုးစံ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သော ရှင်ဘုရင်များနှင့် လူကဲ့သို့ပင် ရင်းနှီးစွာ ဆက်ဆံခဲ့၏။ ပုဂံပြည်မှ ရှင်ဘုရင်များကလည်း။ ထိုနဘင်မောင်နှမကို အလေးဂရုပြုပြီးလျှင်။ နှစ်စဉ်နတ်တော်လ၌ ကြီးကျယ်ခမ်းနားစွာ နဘင်ကန္တားပွဲပေး၍ ကျင်းပခဲ့ကြသည်။

(တိုင်းပြည်အုပ်စိုးသူသည်။ သူ့ရဲကောင်းများကို ညှော်းဆဲ သင့်ခဲ။)

## (၆) အသားမင်းသား။



ရှေးက ဟံသာဝတီတည်နေရာ-ဟင်္သာကျွန်းပုံ။
ဟံသာဝတီ။

ယခု ပဲခူးဟု ခေါ်သော။ ဟံသာဝတီနေရာသည်၊ အလွန်ရှေးကျသော အခါကာလက။ ပင်လယ်ရေပြင် ဝန်းရံလျက်ရှိခဲ့သည်။ နောက် များမကြာမီတွင်၊ ကျွန်းငယ်လေး တကျွန်း ပေါ်လာလေသည်။ ထိုကျွန်းငယ်မှာ အလွန် သေးငယ်



၍၊ ဟင်္သာ ဖိုမ နှစ်ကောင် မနားလောက် သောကြောင့်။ ဟင်္သာဖို၏ကျောထက်တွင်၊ ဟင်္သာမက နားရ၏။ ဤသို့ ဟင်္သာ ဖိုမ နားသော ကျွန်း အရပ် ဖြစ်၍။ ဟံသာဝတီ ဟု တွင်လေသည်။

ဤနေရာသည် မွန်တို့၏ နယ်မြေတွင်း ဖြစ်သော်လည်း။ အိန္ဒိယ တိုင်းသား ကုလားများ ရောက်လာ၍၊ ထိုကျွန်းကို

ပိုင်ဆိုင်လိုသောကြောင့်။ သံတိုင်ကို စိုက်မှတ် ထားလိုက်လေသည်။

### မြတ်စွာဘုရား၏ ဗျာဒိတ်တော်။

ထိုဟင်္သာဖိုမကား။ မြတ်စွာဘုရား ဗျာဒိတ်ထားခြင်းခံရသော သတ္တဝါများဖြစ်ကြသည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက။ အရှင်အာနန္ဒာနှင့် ဒေသစာရီကြွချီတော်မူလာစဉ်ထိုအရပ်သို့ရောက်သောအခါ။ ဟင်္သာဖိုမက မြတ်စွာဘုရားကို ရှိခိုးပူဇော်သဖြင့်။ ဤသို့ ဗျာဒိတ်ထားတော်မူခဲ့သည်။

ဤဟင်္သာဖိုမ တို့သည် ငါ့အား ပူဇော်ရသော အကျိုးအားကြောင့်။ ဤအရပ်ဒေသတွင် ဘုန်းတန်ခိုးကြီးသောမင်း ဖြစ်လိမ့်မည်။ ဤနေရာသည်လည်း။ အလွန်စည်ကားသော မင်းနေပြည်တော်ဖြစ်လိမ့်မည်။

မြတ်စွာဘုရား ဗျာဒိတ်တော်အတိုင်းပင်ထိုနေရာသည် ဟံသာဝတီမင်းနေပြည်တော်ဖြစ်၍ ယခုထက်တိုင် ပဲခူးမြို့ဟု ထင်ရှားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မင်းသားညီနောင်။

သထုံဘုရင်၏သားတော်များဖြစ်သော၊ သမလနှင့်ဝိမလ ညီနောင် နှစ်ပါး ရှိသည်။ အသက် ၁၇-နှစ်ခန့်၌၊ မြို့နန်းအသစ် တည်ထောင်ရန် လှည့်လည်ရှာဖွေကြသောအခါ၊ ထို ဟံသာဝတီကျွန်းကိုတွေ့လေ၏။ သို့သော် သံတိုင် စိုက်ထားသော ကုလားတို့က၊ သူတို့ သံတိုင် စိုက်ထား သည်မှာ၊ အနှစ် ၆၀-ခန့် ရှိပြီ ဖြစ်သဖြင့်၊ ၎င်းတို့သာ ထိုကျွန်းကို ပိုင်ဆိုင်ထိုက်သည်ဟု ကာကွယ် ပြောဆိုလေ၏။ မွန်မင်းသားတို့ကလည်း၊ ဤနေရာသည် မွန်တို့နယ်မြေဖြစ်သဖြင့်၊ ငါတို့သာ ပိုင်ဆိုင် ထိုက်သည်ဟု အကြောင်းပြ ပြောဆိုပြန်၏။ နောက်ဆုံးတွင် မွန်မင်းသားတို့က ဉာဏ်ကူ၍၊ ကုလားများ မသိအောင် သံတိုင်အောက်က သံကောက် ကိုးစင်းကို မြှုပ်ထားလိုက် ပြီးလျှင်၊ မိမိတို့က အလျင် ဦးကြောင်းကို အခိုင်အမာ ပြောဆိုကြလေ၏။

ထိုသို့ ပြောသည်ကို ကုလားတို့က ယုံကြည်၍ တူး ကြည့်ကြရာ၊ ပြောသည့်အတိုင်း သံကောက် ကိုးစင်းကို တွေ့ရှိကြသောကြောင့်၊ မွန်မင်းသားတို့က ကျွန်းကိုရရှိလေ၏။ ထိုအခါ၊ မြို့နန်း အသစ်တည်၍ နောင်တော် သမလ မင်းက မင်းပြု၏။ ညီတော် ဝိမလကို အိမ်ရှေ့ ပေးထား၏။

---





ကျွဲချိုများပေါ်တွင် ကွန်အသား ကစားနေပုံ။

## ကွန်အသား။

သမလ မင်းသည်၊ ဖရုံစိုက် ဦး စားသောသူများ၏သမီး ဖြစ်သော မယ်ကာဗီတော် ဆိုသူကို မိဖုရားမြှောက်၏။ မယ်ကာဗီတော်ကည်း၊ အလွန်လှပသော ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံ၏။ ထိုမယ်ကာဗီတော်မှ သားတော်တပါး ဖွားမြင်၍၊ ၅-လ ၆-လ ခန့်ကြာသော်၊ သမလမင်းနတ် ရွာစံ၍ ညီတော်ဝိမလ မင်း နန်းတက်၏။ ဝိမလမင်းသည် မရီးတော်ကိုပင် မိဖုရား မြှောက်ပြန်၏။ သားတော်ကလေးကိုကား၊ ရန်သူ ဖြစ်မည် စိုး၍ နယ်စွန် နယ်ဖျားသို့သွား၍ စွန့်ပစ်ရမည်ဟုမိန့်လေ၏။ ထိုအဘိုင်း ပေါင်းလောင်းမြစ် အရှေ့ဘက်ရှိ ကွန်အသား ရွာ တလိုင်း ကရင် လူမျိုး မုဆိုးမ မိနန်းကလိုင်း၏ ကျွဲခြံဝ၌ ညအခါ ကလေးကိုစွန့်ပစ်ခဲ့လေ၏။

www.burmeseclassic.com

နံနက်စောစော ကျွဲတို့ကို လွှတ်ချိန်တွင်။ ကျွဲမကြီးတကောင်သည် အလျင်ထွက်၍ မြီဝရှိ ခလေးကိုခွ၍ ရပ်နေ၏။ ထိုအချင်းအရာကို ကျွဲရှင် မိန်းကလိုင်းကတွေ့ရှိ၍။ သားအမှတ်ဖြင့် မွေးစားထားလေ၏။ ၎င်းသူငယ် ကြီးပြင်းလာသောအခါ။ ကျွဲနွားများကို ထိန်းကျောင်းရ၏။ ကျွဲတို့ကို ယုယ ညှာတာသဖြင့်။ ကျွဲတို့ကလည်း ခင်မင်ယဉ်ပါးလေသည်။ ထိုသူငယ်သည် ကျွဲနွားများကိုထိန်းကျောင်းနေရင်း ကြမ်းကြမ်းတမ်းတမ်း ခုန်ပေါက် ကစားနေရ သောကြောင့် အလွန်သန်စွမ်းလေသည်။



ကုလားကြီးကိုအသားမင်းသားက လှံဖြင့် ထိုးနေပုံ။

## ကုလားရန်ကိုဖြိုဖျက်ခြင်း။

ဝိမလမင်း နန်းစံ ၈ နှစ်တွင်။ အိန္ဒိယမှ ကုလားတို့အား အရပ် ၇ တောင်မြင့်သော လန်ဘားဆိုသူ ကုလားကြီးက



ဗိုလ်ပြုလျက်။ သင်္ဘော ၇ စင်းဖြင့် လာရောက်ကြပြန်၏။ ထိုကုလားရန်ကို ဖြိုဖျက်ရန် လူစွမ်းကောင်းကို လိုက်လံရှာဖွေရာ။ မွန်မင်းသားကွန်အသားကို တွေ့ရှိသဖြင့်။ နန်းတော်သို့ ခေါ်ဆောင်လာလေ၏။

ကွန်အသားနှင့် ကုလားကြီး လန်ဘားတို့ နှစ်ယောက်ချင်း တိုက်ကြစည်ဟု သဘောတူသဖြင့်။ ကုလားကြီးက သံချပ်အင်္ကျီ ဝတ်လျက်။ ၎င်းပျော့ချက်ခန့်ရှိ ဓါးကြီးကို ထမ်းလာ၏။ မင်းသားကလည်း ၎င်းပျော့ချက်ခန့်ရှိ လှံနှစ်စင်းကို စွဲ၍ ထွက်လာ၏။

နှစ်ယောက် ရင်ဆိုင်မိ၍ တိုက်အံ့ဆဲဆဲတွင် မင်းသားက ဥာဏ်ကူ၍–"ငါတို့ နှစ်ယောက်ချင်းတိုက်ကြမည်ဟု ဂတိထားပါလျက်။ အဘယ်ကြောင့် နောက်လိုက် အကူအညီ ခေါ်ခဲ့သနည်း" ဟု ဆိုလိုက်၏။ ကုလားကြီးက အကာယ်ပင် ထင်မှတ်၍– "ငါ့မှာအဖော်မပါပါတကား–" ဟု ဆိုကာ နောက်သို့ လှည့်ကြည့်လိုက်၏။ ထိုသို့ ကြည့်သော ခဏ၌။ မွန်မင်းသားက ကုလားကြီး၏ လည်မျိုကို လှံဖြင့်ထိုးလိုက်ရာ။ ကုလားကြီးကျလေ၏။

ဝိမလမင်းသည်။ ကုလားကြီး ကျဆုံးသည်ကို အားရတော်မူသဖြင့်။ သမီးတော်အား ဆိမ်ရေ့ပေး၏။ ဝိမလမင်း နတ်ရွာစံသော်။ အသားမင်းသား နန်းတက်၍ နန်းစံ အနှစ် ၂၀ မျှမင်းပြုပြီး နတ် ရွာစံ၏။

(အသားမင်းသားကဲ့သို့ လူမျိုးခြား၏ဘေးရန်မှ ကာကွယ်ပေးနိုင်သော သူရဲကောင်းများ ပေါ်ထွက်ပါစေ)

www.burmeseclassic.com

www.burmeseclassic.com


## (၇) အနော်ရထာမင်းမြတ်။




ပုဂံမင်း ၅၅ ဆက် ရှိသည့်အနက်။ အနော်ရထာမင်း ကြီးသည်။ ကြီးကျယ် မြင့်မြတ်ဆုံးသော မင်းတပါးဖြစ်၏။ အနော်ရထာမင်းသည်။ ကွမ်းဆော် ကျောင်းဖြူမင်း၏သား ဖြစ်၍။ နောင်တော်စုက္ကတေးမင်းကို မြင်းစီးချင်း တိုက်ခိုက် နှိမ်နင်းပြီးလျှင် နန်းတက်ခဲ့၏။

### နန်းတက်စအခြေအနေ။

နန်းတက်စအချိန်က မြန်မာနိုင်ငံ တဝှမ်းလုံးတွင် စည်း စည်းလုံးလုံး မရှိဘဲ။ သူတလူ ငါတမင်းဖြင့် အချင်းချင်း မာန်စောင် နေကြသည်ကို တွေ့မြင်နိုင် ပေသည်။ မှန်ကန် သော ဗုဒ္ဓသာသနာတော် မှာလည်း။ မွန်လူမျိုးတို့ နေထိုင် သော အောက် မြန်မာနိုင်ငံတွင် ပျံ့ပွားလျက်ရှိ၏။ အထက် မြန်မာနိုင်ငံတွင်မူကား။ ဗုဒ္ဓဘာသာ ဘုရားမှန်ကို မသိနားမ လည်ကြသေးသဖြင့်။ မိစ္ဆာဒိဋ္ဌိအယူဖြစ်သော အရည်းကြီး များကိုသာ ကိုးကွယ် နေကြရပေသည်၊

### အရည်းရဟန်းကြီးများ။

ထိုအချိန်က ပုဂံပြည်တွင် အရည်း ရဟန်းကြီးပေါင်း ၆-သောင်းကျော်ခန့်ရှိ၏။ ၎င်းတို့သည် တိုင်းသူပြည်သား များအပေါ်တွင် ကြီးစိုးရှိသဖြင့်။ မိန်းမပျိုများအား။ လက်မ ထပ်မီ၊ သူတို့ထံသို့ တရက်ကြိုတင်၍ ပို့ထားရ၏။ ထိုသို့ ပို့ထားရသည်ကို ပန်းဦး ပန်သည်ဟု ခေါ်၏။ ထိုမှညစ်ညမ်းသော အယူဝါဒကို အနော်ရထာ မင်းစောကားမှုတ် သက်သဖြင့်။ မှန်ကန်သော သာသနာကိုရရှိရန် တောင့် တနေတော်မူ၏။

www.burmeseclassic.com

## သာသနာတော်ပြုစုခြင်း။



ပုဂံမှ ဘုရားများ

သို့သော်၊ မကြာမြင့်မီတွင် သထုံပြည်မှ ရဟန္တာ မြတ်ရှင်အရဟံ ကြွရောက်လာ၍ ဗုဒ္ဓဘာသာ တရားတော်ကို ဆည်းကပ်ကိုးကွယ်ရန်ဟောပြော ဆုံးမသဖြင့်၊ ပုဂံတပြည်လုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။ ထိုနောက် ရှင်အရဟံ၏ ညွှန်ကြားချက်အရ၊ သထုံပြည် မနူဟာမင်း ထံ၌ ပိဋကတ် သုံးပုံကို သာယာ ခြင်းသောစကားဖြင့်၊ သံစေလွှတ် တောင်းဆိုစေရာ၊ အသာတကြည်မရှိသောကြောင့်၊ ချီတက် သိမ်းပိုက် ပြီးလျှင်၊ ပုဂံပြည်သို့ ပင့်ဆောင် ခဲ့သည်။ ပုဂံပြည်သို့ ပိဋကတ်တော်များ ရောက်ရှိလာသော အခါ၊ မွန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရေးကူး စေပြီးလျှင်၊ ရဟန်းတော် များအား သင်ကြား ပို့ချစေသည်။

နိုင်ငံတော် အရပ်ရပ်တွင်လည်း စေတီပုထိုး သစ်များ တည်ခြင်း၊ ရှေးမင်းတို့တည်ထား သော ဘုရားအို—ဘုရား ပျက်များကို ပြင်ဆင် မွမ်းမံခြင်း စသော ကုသိုလ်ကောင်း မှု အစုစုကို ဆောင်ရွက်တော်မူခဲ့သည်။ အရည်းရဟန်းကြီး



များကို မူကား၊ လူဝတ်လဲစေ၍ ဆင်ချေးမြင်းချေး ကျုံး ထည့်တော်မူသည်။

## ပြည်သူ့အကျိုးဆောင် လုပ်ငန်းများ။



မင်းကြီးအနော်ရထာ၊

မင်းကြီးနော်ရထာသည်၊ ဘာသာရေးကို လေးစား သကဲ့သို့ နိုင်ငံအုပ်ချုပ်ရေးဘက်၌လည်း၊ အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသဖြင့်၊ လူထု အကျိုးအတွက် ဆည် မြောင်း ကန်ချောင်းတို့ကို တူးဖော်၍၊ လယ်ယာ စိုက်ပျိုးရေး တိုးတက် စေရန်၊ အား ထုတ်တော်မူခဲ့သည်။ မင်းကြီး၏ လယ် ယာ ဆည် မြောင်း များ အနက်၊ လယ်တွင်း ကိုးခရိုင်ဟုခေါ်သော ယခု ကျောက်ဆည်နယ်ရှိ၊ လယ်ယာ ဆည်မြောင်း တို့မှာ၊ အထင် အရှားဆုံး ဖြစ်ကြသည်။ မိတ္ထီလာကန်တော်ကိုလည်း ဆည့်ဖို့ ပြုပြင်တော်မူခဲ့သည်။ မြို့ပေါင်း ၄၃ မြို့ကိုလည်း၊ တည်တော်မူခဲ့သည်။

## နိုင်ငံတော်စည်းလုံးရေး။

အနော်ရထာမင်းကြီးသည်၊ မြန်မာနိုင်ငံတော်ကို ပထမ ဆုံးအကြိမ် စည်းရုံး၍ တည်ထောင်တော် မူခဲ့သည့် ပုဂံပြည် ကို မင်းနေပြည်တော်ပြုလုပ်ထားသဖြင့်၊ ပတ်ဝန်းကျင်နိုင်ငံ


www.burmeseclassic.com

www.burmeseclassic.com



များက လေးစား ခန့်ငြားခဲ့ရသည်။ သို့သော် မင်းကြီးအနော်ရထာမှာ လက်နက် အားကိုးဖြင့် နိုင်ငံ ထူထောင်ခဲ့သောကြောင့်၊ မကြေနပ်သူများလည်းပေါ်ပေါက်ခဲ့ပေသည်။

## နတ်ရွာစံလွန်တော်မူခြင်း။

လူသဘာဝတို့၏ ကောင်းကျိုးကို ထိုမျှဆောင်ရွက်ခဲ့သော မင်းဖြစ်ပါလျက်နှင့် ကံဇာတာ ညှိုးမှိန်ချိန်နှင့် ကြုံကြိုက်သောအခါ၊ နန်းစံ ၃၃ နှစ်မြောက်တွင် ထိန်ပင်တောင့်နတ်က၊ ကျွဲရိုင်း သဏ္ဌာန်ဆောင်၍ ခတ်သောကြောင့်၊ အနော်ရထာမင်းကြီးနတ်ရွာစံလွန်တော်မူသည်၊

(မင်းကောင်း မင်းမြတ်သည်၊ ပြည်သူ့အကျိုးတိုသာရှေ့ရှုမြဲ)

တိုင်းပြည်ကို အုပ်ချုပ်ရသော ဖြည့်ရှင် မင်းတို့သည်။ တိုင်းသူပြည်သား အားလုံး၏ နေရေးထိုင်ရေး သက်သာချောင်ချိမှုစီးပွါးရေး ဖူလုံမှုတို့ကို ပညာရှိများနှင့်ဆွေးနွေး တိုင်ပင်၍ တရားမျှတစွာ ဆောင်ရွက် သင့်ပေသည်။




www.burmeseclassic.com

www.burmeseclassic.com



( သူရဲကောင်း-ကျန်စစ်သားပုံ )



# (၈) ကျန်စစ်သား။

ကျန်စစ်သားသည် အနော်ရထာမင်းကြီး၏သားဖြစ်၏။ သူ၏မယ်တော်မှာ ဝေသာလီမင်း၏ သမီးတော် ပဉ္စကလျာဏီမင်းသမီးဖြစ်၏။ ကျန်စစ်သားကို စစ်ကိုင်းနယ် ပရိမ္မ အရပ်တွင် ဖွါးမြင်ခဲ့၏။

## ငယ်စဉ်ဘဝ။

ကျန်စစ်သားကို ပဋိသန္ဓေရှိစဉ်ကတည်းက။မြေလျှင်ပြင်းစွာ တုန်လှုပ် သောကြောင့်။ မြောက်အရပ်မှာ မင်းလောင်းပေါ်ပြီဟု ပညာရှိတို့၏ လျှောက်ထားချက် အရ။ ခမည်းတော် အနော်ရထာမင်းကြီးက။ ပုဂံပြည်၏ မြောက်ဘက်အရပ်မှာရှိသော ကိုယ်ဝန်ဆောင် မိန်းမ ဟူသမျှကို စစ်ဆေး၍ သတ်စေသည်။ ကျန်စစ်သား၏ မယ်တော်ကား မသေလေ။

တဖန်နို့စို့ ခလေး အရွယ်တွင် တကြိမ်၊ နွားကျောင်းသားအရွယ်တွင်တကြိမ် သတ်စေပြန်ပါသော်လည်း မသေဘဲ ကြွင်းကျန်နေပြန်သည်။

ရဟန်း ဘဝ ရောက်သော အခါ။ နန်းတော်သို့ သွားဘိတ် ကျွေးရာမှ၊ အာခံတွင်းမှ စက်ပြောင်ပြောင်ထွက်သည်ကို ခမည်းတော်မင်းကြီး မြင်သွားသဖြင့် လူထွက်စေ၍ အမှါးတော်တွင် ခစားနေစေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝဲရှုးဘက်သို့စစ်ထွက်ခြင်း။

တခါသော်၊ ဥဿာဝဲရှုးမင်းက စစ်ကူ တောင်းသော ကြောင့်။ အနော်ရထာမင်းကြီးက ကျန်စစ်သားနှင့်ထွေရှုး လေးလက်ဖယ်။ ညောင်ဦးဖီးအည်းဟူသော သူရဲကောင်း ၄-ယောက်တို့ကို စေလွှတ်တော် မူသည်။ သူရဲကောင်း ၄—ယောက်တို့သည်။ရန်သူများကိုနှိမ်နင်းအောင်မြင်သဖြင့် ဥဿာဝဲရှုးမင်းက နှစ်သက် အားရတော်မူ၍၊ ရုပ်ဆင်း အင်္ဂါနှင့်ပြည့်စုံသော သမီးတော်မဏိစန္ဒာနှင့် မင်းအဆက် ဆက် ကိုးကွယ်ခဲ့သော ဓါတ်တော်တို့ကို၊ အနော်ရထာ မင်းကြီးထံ လက်ဆောင်ပါးလိုက်လေ၏။

## ကျန်စစ်သားနှင့်မဏိစန္ဒာ။

ကျန်စစ်သား တို့သည်၊ အဆိုပါ ဓါတ်တော်နှင့် သမီး တော်တို့ကိုဆောင်ယူခဲ့ကြရာ၊ လမ်းတွင် မဏိစန္ဒာမင်းသမီး နှင့် ကျန်စစ်သားတို့ ချစ်ကြိုက်မိကြလေ၏။ ထိုအကြောင်း ကို အနော်ရထာမင်းကြားသော်၊ အမျက်တော်ရှိလေသည် နှင့်။ ကျန်စစ်သားသည် ထွက်ပြေး ပုန်းရှောင် နေရလေ၏။ အနော်ရထာမင်း နတ်ရွာစံ၍။ သားတော် စောလူးမင်း နန်း တက်သော အခါ။ကျန်စစ်သားကို ပြန်လည်ခေါ်ယူ၍ အပါး ထော်တွင် ခစား ထမ်းရွက်စေ၏။

## ထီးနန်းနှင့်ဝတ်သက်၍ သစ္စာရှိပုံ။

တခါသော်၊ဥဿာဝဲရှုးမြို့စား ငရမန်ကန်းသည်။စောလူး မင်းကို ပုန်ကန် ထကြွလေသောကြောင့်။ စောလူး မင်းနှင့် ကျန်စစ်သားကိုယ်တိုင် သွားရောက် နှိမ်နင်းရလေ၏။



## ခြင်းအဖြစ်ဘိုရခြင်း။

ယင်းသို့ဆိုခဲ့သည့်အတိုင်း။ ကျန်စစ်သားသည်။စောလူး မင်း ရှိမရှိကို လိုက်လံရှာဖွေစမ်းရာ။ ရှိကြောင်းကို သိရလျှင်။ ငရမန်ကန်း၏တပ်ထဲသို့၊ ညအချိန်တိတ်တဆိတ်ဝင်ရောက် ၍ ထမ်းယူလေ၏။ သို့သော်—အစောင့် စစ်သားများ သိရှိ သွားသဖြင့်။ စောလူးမင်းကို ပြန်ချ၍ ကိုယ်လွတ် ထွက်ပြေး ရလေ၏။ စောလူးမင်းကိုလည်း ငရမန်ကန်းက၊ ကွပ်မျက် လိုက်လေ၏၊

ကျန်စစ်သားသည် နှလုံးရည်နှင့်လက်ရုံးရည်ပါ၊ နှစ်ပါးစုံ ပြည့်စုံသူဖြစ်သဖြင့်။ နောက်များမကြာမီပင် ငရမန်ကန်း ကို တိုက်ခိုက်နှိမ်နင်း၍ ပုဂံပြည်၏ ထီးနန်းကို သိမ်းပိုက် လိုက်လေ၏။

## ကျန်စစ်သားမင်း၏ ထိုင်းပြည်ပြုလုပ်ချက်များ။

ကျန်စစ်သားမင်းကြီးသည်၊ ရဲစွမ်းသတ္တိရှိ၍၊ ပညာ အ မြော်အမြင်နှင့် ပြည့်စုံ၏။ ခမည်းတော်အနော်ရထာမင်းကြီး တည်ထောင်ထား သော မြန်မာနိုင်ငံကြီးကိုမပြိုပျက်အောင် ထိန်းသိမ်း ခဲ့၍။ ပွန်မြန်မာသွေးစည်းရေးကို သာယာချောမွေ့ သော နည်းများဖြင့် ဆောင်ရွက်ခဲ့၏။ သူ၏ လက်ထက်တွင် အာနန္ဒာစေတီတော်ကိုတည်ခဲ့၏။အာနန္ဒာစေတီမှာ ယနေ့ ထက်တိုင်အောင်။ ထင်ရှားတည်ရှိနေ၍။နိုင်ငံခြားသားများ ပင်။ ချီးမွမ်းရသော မြန်မာ့လက်ရာတခုဖြစ်၏။

\+ \+ \+ \+ \+

www.burmeseclassic.com


စွမ်းရည် သတ္တိ ရှိသူသည်။ ရန်သူ ဟူသမျှကို နှိမ်နင်းအောင်မြင်နိုင်၏။

## လေ့ကျင့်ခန်း (၂)။

၁။ ပန်းဘဲ မောင်တင့်တယ်ကို၊ တကောင်းမင်းကြီးက သတ်ရန် အဘယ့်ကြောင့် ဖမ်းဆီးခိုင်းသနည်း။

၂။ မဟာဂီရိ နတ်မောင်နှမကို မည်သည့်တောင်မှာ ထားသနည်း။

၃။ "ဟံသာဝတီ" ဟူသောအမည်သည်။ မည်ကဲ့သို့ ရရှိလာသနည်း။

၄။ ဟံသာဝတီမြို့ တည်ရန်။ နေရာ ရွေးချယ်ကြ ပုံကို ရေးပါ။

၅။ အသားမင်းသားနှင့် ကုလားလုံဘားတို့နှစ်ယောက်ချင်း ထိုက်ခိုက်ပုံကို ရေးပါ။

၆။ အနော်ရထာ မင်းကြီးသည်။ အခြားပြည်သူတို့အကျိုးရှိအောင်၊ မည်သည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သနည်း။

၇။ ထီးနန်းနှင့်ပတ်သက်၍။ ကျန်စစ်သား သစ္စာရှိပုံကို ရေးပါ။

၈။ အာနန္ဒာစေတီကို မည်သည့်မင်း တည် ထား ခဲ့သနည်း။




www.burmeseclassic.com

www.burmeseclassic.com



# (၉) အနန္တသူရိယအမတ်၊

အနန္တသူရိယ အမတ်သည်။ ပုဂံပြည်၌ စိုးစံခဲ့သော မင်းမင်း၏ အထိမ်းတော်သားဖြစ်၍၊ စာပေပညာ တတ်မြောက်သော ပညာရှိကြီးဖြစ်၏။

သက္ကရာဇ် ၅၃၆–ခုနှစ်တွင်။ ပုဂံပြည်၌ နရပတိ စည်သူမင်းသား၊ သည်။ နောင်တော်မင်း ယဉ်နုရသိခ်ကို လုပ်ကြံ၍ နန်းတက်သောအခါ။ နောင်တော်၏ အထိမ်းတော်သား အနန္တသူရိယ အမတ်ကိုလည်း သတ်လေဟု သူသတ်တို့ထံ အပ်နှံ၏။

## ရဲရင့်သော စိတ်ဓါတ်။

အနန္တသူရိယသည်။ ရဲရင့်တည်ကြည်သောစိတ်ဓါတ်ရှိသူဖြစ်ခြင်းကြောင့်၊ အသတ်ခံရအံ့ ဆဲဆဲတွင်။ လင်္ကာ ၄ ပိုဒ်ကိုစပ်ဆို၍၊ မင်းကြီးအားဆက်ပါလေဟု သူသတ်တို့အား မှာကြားထားခဲ့၏။ သူသတ်တို့သည်၊ အနန္တသူရိယကို သတ်ပြီးမှ၊ မင်းကြီးအား စာကိုဆက်သကြ၏။ ထိုစာကား–၊

## မျက်ဖြေသင်္ကာ။

သူတည်း တယောက်၊ ကောင်းတို့ ရောက်မူ၊ သူတယောက်မှာ၊ ပျက်လင့် ကာသာ၊ ဓမ္မတာတည်း။

ရွှေအိမ် နန်းနှင့်၊ ကြငှန်းလည်းခံ၊ မင်းပေါင်းရံလျက်၊



ပျော်စံ ရိပ်ငြိမ်၊ စည်းစိမ် မကွာ၊ မင်းချမ်း သာကား။ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏ တက်သည့်၊ ရေပွက် ပမာ၊ တသက်လျာတည်း။

ကြင်နာ သနား၊ ငါ့အား မသတ်၊ ယခု လွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာရိုင်ဖြည်၊ မတည်မမြဲ။ ဖေါက်လွဲတတ်သည်၊ မချွတ်စသော၊ သဘာဝါတည်း။

ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့ထုံ၏၊ ဒိုက်ကြို ဝိဘက်၊ သံသာ စက်၌၊ ကြိုက်လ တွန်းမူ၊ ထုံ့မ ယူလို၊ ကြည်ညို စိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ် မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်မိုမ္မ၊ ငါခန္ဓာတည်း။

မျက်ဖြေ လင်္ကာဆိုသည်ကား။ ရှင်ဘုရင်တို့၏ အမျက် ဒေါသကို ပြေပျောက်စေရန် တရား နည်းလမ်း ပြသ၍ ရေးသား ဆက်သွင်းသော ကဗျာဖြစ်၏။ ထိုကဗျာကို ပညာရှိသော ရှင်ဘုရင်တို့ ဘတ်ရှုရလျှင်။ မိမိတို့၏အမှားကို သိမြင်၍ နောင်တ ရသည်သာများ၏။

အနန္တ. သူရိယ အမတ်ကြီး ရေးသားသော မျက်ဖြေ လင်္ကာ (၄) ပိုဒ်၏ အဓိပ္ပါယ်ကို စဉ်းစား ကြည့်လျှင်။ အမတ်ကြီးသည် မိမိအားသတ်ဖြ . သူ ရှင်ဘုရင်ကိုပင်။ အပြစ်မထားဘဲခွင့်လွှတ်ပါ၏ဟု–ထည့်သွင်း ရေးစပ်ထားသည်ဖြင့်။ တရားပြည့်ဝသော အမ ် ကြီး၏ စိတ်နေ သဘောထားကို ဘုရင်မင်းမြတ်သိစေ၍ ဝမ်းနည်းကြေကွဲ တော်မူခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## နောင်တရခြင်း။

ဤစာလေးပိုဒ်ကိုဘတ်ရှုကြားသိရလျှင်။ အနန္တသူရိယ အမတ်ကို သွတ်စေဟု မိန့်တော်မူ၏။ သူသတ်တို့ကလည်း လက်လွန်ပြီဖြစ်ကြောင်းကိုတင်လျှောက်ထားကြလေ၏။

မင်းကြီးက နှင်တို့သည်။ မသတ်ခင်က ဤစာကိုဆက်သ သင့်သည်။ ယခုသတ်ပြီးမှ ဆက်သ ရသည်လောဟု သူသတ်တို့အား။ မျက်ပြန်လေသည်။

မင်းကြီးနရပတိ စည်သူသည်။ မူလက အမျက်ဒေါသ ခက်ထန်သော်လည်း ဤစာကိုဘတ်ရကတည်းက၊ စိတ်နှလုံးနူးညံ့သိမ်မွေ့၍။ နောင်ကို ငါကသတ်ခိုင်းသော်လည်း မေးမြန်းစစ်ကြောပြီးမှသတ်ပါလေ။ မသေသင့်သူကို၊ မသေပါစေနှင့်ဟု မိန့်ဆိုတော်မူလိုက်သည်။

× × ×

## (၁၀) မိဖုယားစောလုံ။

ပုဂံပြည်တွင် သက္ကရာဇ် ၆၁၇ ခုနှစ်၌။ နန်းတက်ခဲ့သောနရသီဟပတေ့မင်းတွင် စောလုံဟူ၍။ မိဖုယားငယ် တပါးရှိခဲ့၏။ တနေ့သော် ရေသဘင်ပွဲ၌ ကျီစယ်လိုသော စိတ်ထားဖြင့်။ မောင်းမငယ် တယောက်အား။ မိဖုယား စောလုံကို ထကိုယ်လုံးစုန့်ရွှဲအောင်၊ ရေပတ်ဖြန်းစေ၏။






www.burmeseclassic.com

www.burmeseclassic.com

## အကောက်ဥာဏ်။

မိဖုယားစောလုံသည်။ စိတ်ဆတ်သူဖြစ်သဖြင့်။ ပရိသောဘ် ရှေ့၌ ရေပက်ခြိန်းခံရသည်ကို အလွန်ရှက်၍။ မင်းကြီး၏စားပေါ်ထဲတွင် ဒုခဆိပ်ခတ်လေ၏။ မင်းကြီးသုံးဆောင်တော်မူခါနီးတွင် အောက်က ခွေးချေသဖြင့်။ နိမိတ်မကောင်းဟု ယူဆကာ၊ ချက်ခြင်း မစားသေးဘဲ ခွေးအားကျွေးကြည့်လေ၏၊ ခွေးလည်း စားပြီးသောအခါ၌ ချက်ခြင်း သေဆုံးသွားသော၏၊

## သင်္ချိုင်းစေအမိန့်။

မင်းကြီးလည်း။ မိဖုယားစောလုံကိုခေါ်၍ စစ်မေးသော် မကွယ်မထောက်ဘဲ၊ ဟယ်ပန်းပွတ်သည့်မြေး၊ နင်သည့် ငါ့ကို အမျှားရှေ့တွင် အရှက်ခွဲသည်ကို စိတ်နာ၍ ကြံသည် နင်သတ်ချိုလျှင် သတ်ရော့ဟု ဆိုလေ၏။

နရသီဟပတေ့မင်းသည်၊ မင်းမျိုး အစစ်မဟုတ်။ ပန်းပွတ်သည်၏မြေးဖြစ်သည်။ မိဖုယားစောလုံက၊ ဤကဲ့သို့ အမျိုးကိုထိခိုက်၍ဆိုသည်ကို၊သည်းမခံနိုင်လောက်အောင် အမျက်ထွက်တော်မူသဖြင့်။ သံကျုပ်စင်ပေါ်တွင် မီးထိုး၍ သတ်လေဟု အမိန့်ပေးလေ၏။

## နေ့ခင်တာရခြင်း။

စောလုံသည်၊ သံကျုပ်စင်ဆောက်လုပ်နေစဉ်။ ၇ ရက် အတွင်း၌ သီလဆောက်တည်၍၊ မြင်းစွာဘုရား၏ ဂုဏ်



တော်များကို ပွါးများနေလေ၏။ ရက်စေ့သောအခါ၊ မီးဟုန်းဟုန်းတောက်လောင်နေသော သံကျုပ်စင်ပေါ်သို့ ရဲရဲဝန့်ဝန့် တက်သွားလေ၏။ ထိုသော် စောလုံ၏ ကိုယ်ကို မီးမကူးဘဲ။ ၃ ကြိမ်တိတိ မီးငြိမ်းသွားလေ၏။ ၃ ကြိမ်စေ့မှ၊ ငါသည်ခဏခြင်းလောင်ကျွမ်းစေသောဟု အဓိဋ္ဌာန်ပြုလိုက်သောကြောင့်။ လောင်ကျွမ်း အနိစ္စရောက်သွားလေ၏။

စောလုံသေဆုံးပြီးမှ၊ မင်းကြီးသည် နေ့ခင်တာကြီးစွာရ၍ "နေ့ခင်ကို ငါကသတ်စေဆိုသော်လည်း။ ၁၀ ရက် ၁၅ ရက်ခန့်ဆိုင်းငံ့ထားပြီးမှ၊ စစ်ကြောမေးမြန်း၍ သတ်ပါ"ဟု မိမိဦးရီးတော်သူအား မှာကြားခဲ့လေသတည်း။

ဤလောကတွင် လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌။ တဦးပေါ်တဦး သည်းခံ၍ ပေါင်းသင်းဆက်ဆံမှသာလျှင်။ ကြာရှည်စွာ ချစ်ခင်မြတ်နိုး နိုင်ကြပေမည်။ လူတဦးက ကောင်းသည် ထင်၍ လုပ်သည်ကို အခြားလူတဦး၏ စိတ်၌ မကောင်းဟု ထင်မြင်ယူဆခဲ့လျှင် နရသီဟပတေ့မင်းနှင့် မိဖုယား စောလုံကဲ့သို့ နှစ်ဦးစလုံး အကျိုး ယုတ်နိုင်လေသည်။


အချစ်ကြီးလျှင်-အမျက်ကြီးတတ်သည်။


\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ မြန်မာတိုင်းရင်းသားများ သွေးစည်းခဲ့ပုံ။





ဤကဲ့သို့ သမတနိုင်ငံ ထူထောင်ခဲ့ပုံကို
( စာမျက်နှာ ၁၄၃-၁၄၄ မှာ ကြည့်ပါ။ )



## (၁၁) မွန်လူမျိုးမဂဒူး



မဂဒူး၏ တံပိုးကို မိုးကြိုးပစ်ပုံ။

ယခုခေတ် သထုံနယ် တွင်ရှိသော ဒုန်ဝန်း အရပ်ကို ရှေးအခါက၊ တကောဝန်ဟုခေါ်၏။ ထိုတကောဝန်အရပ်တွင် မွန်လူမျိုး မဂဒူးဆိုသူသည်။ ကုန်သည်သုံးကျိပ်၏ အကြီးအမှူးဖြစ်၍။ ယိုးဒယား ပြည်ထဲရှိ၊ သောက္ကတဲမြို့သို့ ကုန်ရောင်းသွားလေ့ရှိ၏။

### ဒွေးစစ်ထဲမှ ရွှေပြသာဒ်။

တနေ့သော်၊ လမ်းခရီး၌။ ယိုးသားတယောက် မကျန်းမာသဖြင့်၊ ထိုသူ၏ ဝန်ထုပ် ဝန်ပိုးတို့ကို မဂဒူးကိုယ်တိုင် ထမ်းဆောင်သွားရာ၊ ထမ်းပိုးကို မိုးကြိုးပစ်လေ၏။ ထိုပစ်သော လျှပ်စစ်တွင်၊ ရွှေပြသာဒ် သဏ္ဍာန်တခုကို မဂဒူးကိုယ်တိုင် မြင်လိုက်ရလေ၏။

မြင်ရသော နိမိတ်မှာ ထူးခြားလှသဖြင့်။ ပညာရှိကြီးတဦးထံ ချဉ်းကပ်၍ မေးမြန်းရာ၊ သင်၏ အရပ်နှင့် ငွေကိုပုံ၍ ပူဇော်မှု ပြုလောမည်ဟု မိန့်ဆိုလေ၏။ မဂဒူးလည်း ဉာဏ်ရှိသူဖြစ်သဖြင့်။ ဝါးတလုံးကို သူ၏ကိုယ်နှင့် တိုင်းမြှ၍ ဖြေ



www.burmeseclassic.com

www.burmeseclassic.com



၌ ရိုက်ပြီးလျှင် အခေါ်မှ ငွေ (၃) ကို တင်၍ ပူဇော်လေ၏။ ပညာရှိကြီးလည်း မဂဒူး၏ ဥာဏ်သွားပုံကို နှစ်သက်၍။ သင်သည် ဘုန်း ပညာနှင့် ပြည့်စုံ သောသူ ဖြစ်သည်၊ ယခုမှစ၍။ ကုန်မသွယ်နှင့် မင်းထံ ခစားလေ။ ဤနှစ်ထဲတွင်ပင်၊ မင်းဖြစ် လိမ့်မည်ဟု ဟော လေ ၏၊ မဂဒူးလည်း။ ဝမ်းမြောက် လှသဖြင့်။ ပညာရှိကြီးကို ဦးရိုက်၍ သွားလေ၏။

## မင်းထံခစားခြင်း။

သောက္ကတဲမြို့သို့ ရောက်သော အခါ။ မင်းထံ၌ တိုက်ရိုက်ဝင်ရောက်ခစားရန် မဖြစ်နိုင်သေးသဖြင့်။ ဆင်ကဲထံ၌ ဝင်၍ ခစားရ၏။ ဆင်ကဲထံ၌ ဝင်ရောက် ခစားနေစဉ်အချိန်တွင်။ ဆင်စာကျွေးခြင်း၊ ဆင်းချေးနှင့် အညှိုက်များကို ရှင်းလင်းခြင်းစသည်တို့ကို နေ့ညအချိန်မရွေး။ ကြိုးစားလုပ်ကိုင်သဖြင့်။ ဆင်ကဲ၏ နှစ်သက်ခြင်းကို ခံရပေသည်။

တနေ့တွင် ဆင်ချေးကျုံးနေရာမှ။ ကြွေခွက်တခုကို ရသဖြင့်။ ၎င်းကိုရောင်းချ၍ ဟင်းနုနွယ်ရွက်များဝယ် ယူကာ၊ ဆင်ချေးများဖြင့် စိုက်ထားလေ၏။ ပေါက်လာသော ဟင်းနုနွယ်ရွက်များမှာ သန့်စွမ်းလွန်းသဖြင့်။ အနည်းငယ် ခူးယူ၍မင်းကိုဆက်လေ၏။ ထိုသို့ဆက်သသည်ကို သောက္ကတဲမင်းက နှစ်သက်သဖြင့်။ မဂဒူးကို ဆင်ကဲထံမှတောင်းယူ၍။ မိမိနန်းတော်သို့ ခေါ်ဆောင်ကာ စားတော်ကဲမှူး အရာ၌ ခန့်ထားလေ၏။



## မင်းသမီးနှင့်ချစ်ကျွမ်းဝင်ခြင်း။



မဂဒူး ဆင်ချေးကျုံးနေပုံ။

မဂဒူးသည်။ လုံ့လ ဝီရိယ ကောင်းသူ ဖြစ်သဖြင့်။ မိမိနှင့် သက်ဆိုင်သော တာဝန် အရပ်ရပ်ကို မလစ်ဟင်း ရအောင်။ ထမ်းရွက်သွားရာ။ "မောင်နိုင်ရည်" ဟူသော ဘွဲ့ဖြင့်။ ဝင်းမှူး ရာထူးသို့ တိုးတက် ခန့်ထားခြင်းကို ခံရပြန်သည်။ ထိုသို့ ဝင်းမှူးအဖြစ် ဖြင့် အမှုတော်ထမ်းရွက်နေစဉ်။ ကျေးစွန်ရွာနား၌၊ မငြိမ်မသက်ဖြစ်သောကြောင့်။ မင်းကြီးကိုယ်တိုင် ထွက်ချီတော်မူရာ။ မဂဒူးကို မြို့စောင့်ထားခဲ့လေ၏။ မဂဒူးသည် မင်းကြီးမရှိစဉ်အချိန်၌။ အတွင်းအပြင် ဝင်ထွက်သွားလာ၍။ စီမံအုပ်ချုပ်မှု တာဝန် ကိုထမ်းဆောင်ရသောကြောင့်။ သောက္ကတဲမင်း၏သမီး။ "မည်းနှင်းသွယ်ဒါ" နှင့်ချစ်ကျွမ်းဝင်မိကြလေ၏။ ထိုအကြောင်းကိုမင်းကြီးကြားသိလေသော်။ ဘမ်းယူအပြစ်ပေးမည်စိုးရိမ်သောကြောင့်မင်းသမီးကို ဆင်ဖြင့်ခိုးယူ၍ မိမိနေရပ်တာကောင်းသို့ ပြန်ပေးခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com



ဝါရီရုဘွဲ့ကိုခံယူခြင်း။

တကော့ဝန်သို့ ပြန်ရောက်သော်၊ မင်းပြုနေ၏။ ထိုနောက်မြန်မာမင်း၏ လက်အောက်ခံမုတ္တမမြို့စား အလိမ္မာ



မင်းသမီးကို မဂဒူးက ဆင်ဖြင့် ခိုးယူလာပုံ။

အမတ်ကို မိတ်ဖွဲ့ရလျှင် အကျိုးရှိမည်ကိုမြင်သဖြင့် မိမိ၏နှမနှင်းဥရွှန်ကို ပေး၍ မိတ်ဖွဲ့လေ၏၊ ထိုမိတ်ဆက်ပွဲတွင် အလိမ္မာအမတ်က အကောက်ကြံသောကြောင့်၊ အလိမ္မာအမတ်ကို လုပ်ကြံ၍ မုတ္တမကို သိမ်းယူအုပ်ချုပ်လေသည်။


ထိုနောက်ဝါရီရု (ကောင်းကင်မှပို့ကျသည့်မင်း) ဟူသောဘွဲ့ကို ခံယူပြီးလျှင် အောက်မြန်မာနိုင်ငံ တခုလုံးကို သိမ်းယူအုပ်ချုပ်လေသတည်း။

ဝါရီရုစမ္မသတ်။

ထိုမင်းသည် မွန်လူမျိုးတို့၏ ဝါရီရုမင်းဆက်ကို စတင်တည်ထောင်သော မင်းဖြစ်၏။ ထိုမင်းလက်ထက်တွင် "ဝါရီရုဓမ္မသတ်" ကိုပြုခဲ့ပေသည်။

~~~~~~~~~~~~

# (၁၂) သံပျင်မင်းသမီး။




ပုဂံပြည်မှသာသနာ။

ပုဂံပြည်သည်၊ အနော်ရထာ မင်းစော လက်ထက် ကတည်းက၊ ဗုဒ္ဓမြတ်စွာ သာသနာကို ယုံကြည် ကိုးကွယ်လာခဲ့ကြောင်းကို။ လွန်ခဲ့သော အခန်း(၇)တွင်။ မောင်တို့ဘတ်ရှုခဲ့ကြရပေပြီ။ မြတ်စွာဘုရား၏ သာသနာတော်မရောက်မီအခါက၊ မိစ္ဆာဒိဋ္ဌိအယူကို ယူသော အရည်းရဟန်းကြီးတို့အား သာသနာ အစစ်အမှန်ဟု ထင်မှတ်၍။ ဆည်းကပ်ကိုးကွယ်လာခဲ့ကြရသော ပုဂံပြည်သူပြည်သား
~~~~~~~~~~~~

www.burmeseclassic.com

တို့သည်။ ဗုဒ္ဓဘာသာ အစစ်အမှန် ရောက်ရှိ လာသော အခါ ၌ အရည်း ရဟန်းကြီးတို့၏ အယူဝါဒကို စွန့်ပယ်ပြီး လျှင်၊ ဗုဒ္ဓဘာသာတရားတော်များကိုသာ နှစ်သက်မြတ်နိုး ကိုးကွယ်ခဲ့ကြပေသည်။

ထိုသို့ ဆည်းကပ် ကိုးကွယ်ခဲ့ကြသူများ အထဲတွင်။ စာပေပါသနာပါသူ နန်းတွင်းသူ နန်းတွင်းသား များနှင့် ရဟန်းတော်တို့သည်။ ပိဋကတ်သုံးပုံနှင့် ဗုဒ္ဓဘာသာစာပေ ကျမ်းဂန်များကို အားတက်သရော လေ့လာ သင်ယူခဲ့ကြ ပေသည်။

## ပညာရှိနန်းတွင်းသူ

ထိုခေတ်က ပုဂံပြည်တွင် ပေါ်ပေါက်ခဲ့သော ကျမ်းဂန်တတ် ပညာရှိများအနက်။ အမျိုးသမီးပညာရှိတဦးဖြစ်သော နန်းတွင်းသူ သံပျင်မင်းသမီးသည်။ တိုင်းသိ ပြည်သိ ကျော်စော ထင်ရှားခဲ့ပေသည်။

သံပျင်မင်းသမီးသည် ပုဂံပြည်၌ စိုးစံခဲ့သော ကျစွာမင်းကြီး၏ သမီးတော်ဖြစ်သည်။ သူသည် စာပေကျမ်းဂန် တတ်မြောက်ခြင်း၌ ကျော်စောလှသော ကြောင့်၊ ရဟန်းတော်များကိုပင် စာပေပို့ချ ပေးနေခဲ့ရသည်။ ရဟန်းတို့ကို စာပေပို့ချ ပေးရာတွင်၊ တင်းတိမ် ကာရံ၍ ပေးထားသဖြင့်၊ မင်းသမီးကိုမကြည့်ကြရချေ။

## ရဟန်းပျို၏ပဒိုသာသ

ကာလအတန်ကြာသော်၊ ရဟန်းပျို တပါးသည် မင်းသမီးအသံကို တပ်မက်၍၊ လူကိုမြင်ရအောင် ကြံစည်



ဟု စိတ်ကူးပြီးလျှင် မိမိသင်အံနေသောစာ၏ အဆုံးနားက "ဟိ စာလေ-ဟောဟေးလား" ဟု ဆက်ပတ်၍ ရေးထား လေ၏။

စာရင်းကို ဘတ်၍ အဆုံး၌ မိမိကြံဖန် ရေးထားသော စာပိုဒ်ကိုဆက်၍ "ဟိ စာလေ—ဟောဟေးလား" ဟု ဘတ် ရွတ်လိုက်သောအခါ၊ တင်းတိမ်တွင်းမှ သံပျင်မင်းသမီးက "ငါ့ရှင် စာမရှိသည်ကို အဘယ်ကြောင့်ရွတ် ဆိုသနည်း" ဟုဆိုလေ၏။ ရဟန်းပျိုက "မင်းသမီးစာရှိသောကြောင့် ငါ ရွတ်ဆိုသည်။မယုံလျှင်ကြည့်ပါတော့" ဟု ဆိုသဖြင့်၊ မင်းသမီးကတင်းတိမ်ကိုဖွင့်၍ ကြည့်သောအခါ၊ အကယ်ပင်စာ ရှိသည်ကိုတွေ့ရလေ၏။

## မင်းသမီး အဲ့ဖွဲ့သနိုးခြင်း

ထိုအခါ မင်းသမီးက ဤစာသည် အဓိပ္ပါယ်သက်မှုဖြစ် သည်။ အချိုးနှိုးမဖြစ်စေရအောင်၊ ကျွန်ုပ်က အနက်ပြန်သ ၍ပေးလိုက်မည်။ လိုက်ဆိုပေတော့ ဟု ဆို၍ ဤသို့ အနက် ပြန်ပေး၏။

"ဟိ"-ထင်ငါသည် တို့သည် စာလေ—ကွန်ရွက် တို့က ဟောဟေ လား-ဆွဲကြကုန်၏။

ဤသို့အနက်ပြန်ပေးသဖြင့် ချောမော သွားသော်လည်း ရဟန်းပျိုမှာကား၊ မင်းသမီး၏ အသံကို စွဲလန်းရာမှ ရုပ် မြင်ရပြန်သဖြင့် ပိုမိုစွဲလန်းသွားလေရာ။ မအိပ်နိုင်မစားနိုင် ဘဲ ဆင်းရဲကြီးစွာရောက်လေ၏။

www.burmeseclassic.com

## သံချင် "ဓုဇိကာ"

ထိုအကြောင်းကို၊ ခမည်းတော် ကျစွာမင်းကြီး ကြားသိလေသော်၊ ထိုရဟန်းပျိုအား၊ "ငါ့ရှင်၊ ငါ၏သမီးတော်ကို တကာယ်စွဲလန်း တပ်မက်လျှင် သာသနာတော်၌ အကျိုးများစေနိုင်မည့် ကျမ်းတစောင်တဖွဲ့ ရေးခဲ့ပါဦး။ ပြီးသောအခါ ငါ့သမီးတော်ကိုပေးပါမည်" ဟုဆိုလေ၏။ ရဟန်းပျိုလည်း မင်းကြီးပြောသည့် အတိုင်း၊ ကျမ်းတစောင်ကို ရေးသားပြုစုလေ၏။

မင်းကြီးလည်း နှစ်သက် အားရတော်မူ၍ ရဟန်းပျိုအားလူထွက်စေပြီးလျှင်၊ သမီးတော်နှင့် ထိမ်းမြားပေးတော်မူ၏။ ထိုရဟန်းပျိုလူထွက်အား၊ သံပျင်အမတ် ဟု ခေါ်၍ ရေးခဲ့သော ဓုဇိကာကျမ်းကိုလည်း သံပျင်ဓုဇိကာဟု ခေါ်တွင်လေသတည်း။

## ကျောင်းသူတို့၏တာဝန်။

မြန်မာနိုင်ငံသမိုင်း၌ မှတ်တမ်းတင်ထားခြင်းခံခဲ့ရသော ပုဂ္ဂိုလ်ထူးသည်။ များသောအားဖြင့် အမျိုးသား များသာ ဖြစ်ပေသည်။ သို့သော် သံပျင်မင်းသမီးကဲ့သို့။ ထူးချွန်သော အမျိုးသမီးအချို့လည်း ရှိခဲ့ပေသည်။

ဤပုံပြင်တွင်ပါသောသံပျင်မင်းသမီးမှာ။ ထိုခေတ်က ပေါ်ပေါက်ခဲ့သော ရဟန်းပညာရှိများထက်။ ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်များကို ပိုမိုတတ်မြောက်သဖြင့်။ ရဟန်းတော်များကို စာပေပို့ချပေးခဲ့ရသည်သာမက။ ယနေ့ထက်တိုင်အောင် ကျော်စောထင်ရှားနေခဲ့ခြင်းဖြစ်ပေသည်။



ပြည်ထောင်စု မြန်မာနိုင်ငံတွင်။ အမျိုးသမီး ကျောင်းသူကလေးများသည်။ သံပျင်မင်းသမီးကဲ့သို့ မိမိတို့ ဝါသနာပါသော ပညာရပ်များကို သင်ယူ၍။ သူတပါးထက် ထူးချွန်သူများဖြစ်လာအောင် ကြိုးစားသင့်ကြ ပေသည်၊ ထိုသို့ကြိုးစားမည်ဟု ကြံစည်လျှင်၊ လူအများ၏ ကောင်းကျိုးကို ဆောင်ရွက် ပေးနိုင်သော ပညာရပ်များ ကိုသာ ရွေးချယ်သင်ယူခြင်းအားဖြင့် အများ အကျိုးဆောင် ပြည်သူ ပြည်သားကောင်းများဖြစ်လာကြစေရန် သတိပြုသင့်ပေသည်။

ပညာ တတ်သော အမျိုးသမီးသည်။ အိမ်ထောင်၏ တာဝန်နှင့် အမျိုးသားကောင်းစားရေး လုပ်ငန်းများကို ဆောင်ရွက် ပေးနိုင်သဖြင့်၊ ပညာတတ် အမျိုးသမီးများ ပေါ်ထွက်လာအောင် အားထုတ်ကြရမည်။

www.burmeseclassic.com

www.burmeseclassic.com






# (၁၃) ငါးစီးရှင် နှင့် ခေါင်ညို။

## ရှမ်းညီနောင်။

ပုဂံပြည်ကြီး ပျက်စီးသွားပြီးနောက်၊ မြန်မာနိုင်ငံတဝှမ်းလုံးတွင် တိုင်ယော်ပြည်ယော်တွေ ပေါ်ပေါက်လာရာ ရှမ်းလူမျိုး အဆက် အနွယ်များ တည်ထောင် လာခဲ့သော မြင်းဆိုင်း မက္ခရာပင်လယ်မြို့တို့သည်။ မြန်မာနိုင်ငံ သမိုင်း၌ ထင်ရှား လာခဲ့ပေသည်။

ထိုရှမ်းလူမျိုး အဆက်အနွယ် များပင်။ ပင်းယမြို့နှင့် စစ်ကိုင်းမြို့တို့ကို တည်ထောင် ခဲ့ကြသည်။ ပင်းယမြို့ကို တည်ထောင်သောမင်းမှာ ဆင်ဖြူရှင်ဘွဲ့ရှိသော တစီးရှင် သီဟသူမင်းကြီးဖြစ်၍။ စစ်ကိုင်းမြို့ကို တည်ထောင်သော မင်းမှာ တစီးရှင် သီဟသူ၏ သားတော်အငယ်ဆုံး အသင်္ခ ယာ စောယွန်းဖြစ်သည်။ အသင်္ခယာစောယွန်း၏ နောင် တော်မှာ၊ ပင်လယ်မြို့စား ငါးစီးရှင်ကျော်စွာဖြစ်သည်။

ငါးစီးရှင်ကျော်စွာနှင့် အသင်္ခယာ စောယွန်းတို့သည် ညီအစ်ကိုချင်းပင်ဖြစ်သော်လည်း။ တဦးကတဦးထက်အောင် အားကြီးမားသွားမည်ကို စိုးရိမ် နေသောကြောင့်။ မသင့် မြတ်ကြချေ။ တခါသော်—

ငါးစီးရှင်ကျော်စွာသည်။ ပင်လယ်မြို့ကို စားရစဉ်အခါ က။ ညီတော် စစ်ကိုင်းမြို့စား—အသင်္ခယာ စောယွန်းကို လုပ်ကြံချေဟု ခေါင်ညိုဟူသော ကျွန်ရင်းတယောက်ကို စေ တော်မူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## နတ်တင်ပွဲကိုစားသောက်ခြင်း။

ခေင်ညိုလည်း။ စစ်ကိုင်းမြို့ ဘက်သို့ ကူး၍ အရိပ် အခြည်ကို ကြည့်ရှုရာ၊ အခွင့် မသာသောကြောင့်၊ တောထဲတွင် ၃–ရက်ကြာမျှ ပုန်းအောင်း နေရ၏။ တောထဲတွင် ပုန်းအောင်းနေရသဖြင့်။ အစားအစာ မစားရသောကြောင့်။ အလွန် ဆာလောင် မွတ်သိပ်လျက်ရှိ၏။ နောက်မှ နန်းတော်ထဲသို့ ဝင်နိုင်လေ၏။ နန်းတော်ထဲတွင်။ စစ်ကိုင်း မင်းက။ မဟာဂီရိနတ်အား တင်မြှောက် ပသထားသော စားသောက် ဘွယ်ရာတို့ကို တွေ့ရလျှင်၊ ဆာလောင် မွတ်သိပ်လှသောကြောင့်။ စားလိုက်လေ၏။

## ကျေးနှုးသစ္စာစောင့်သိပုံ။

ထိုသို့စားပြီးမှ။ နန်းတော်အတွင်းဆောင်သို့ဝင်၍။စက်တော်ခေါ်နေသော အသခ်ယာစောယွန်း၏ ခေါင်းရင်းတွင် ရပ်လျက် ဤသို့တွေး၏။

ဤစစ်ကိုင်းမင်းသည် ယခုပင် ငါ၏ ထမင်းသခင် ကျေးဇူးရှင်ဖြစ်သည်။ ကျေးဇူးရှင်ကို ပြစ်မှားလျှင်။ ငါ၌ အပြစ်ဝန် အလွန်ကြီးလေး လိမ့်မည်။ သို့သော် သူ့ကိုလုပ်ကြံရန် လာပါလျက်နှင့် မလုပ်ကြံဘဲ ပြန်သွား၍ ငါ့အရှင်က သတ်သော်။ တသက်သာ သေရပေမည်။ ထမင်းရှင်ကို ပြစ်မှားလျှင်မူကား။ ဘဝအဆက်ဆက်၌ မကောင်းကျိုး များတော့မည်တကားဟု တွေးတောပြီးလျှင် ခေါင်းကို ဖွပ်ထုံ–ချွတ်တို့ပြုပြီးမှ။ စစ်ကိုင်းမင်းထံသို့ ငါရောက်ခဲ့ကြောင်း သက်သေပြရန် ခမည်းတော် ပင်းယမင်း–တစီးရှင် သီဟသူက စစ်ကိုင်းမင်းအား ပေးထားသော ပတ္တမြားခေါင်းကိုယူ၍ ပြန်ခဲ့လေ၏။



## ချီးမြှောက်ခံရခြင်း။

ပင်လယ်သို့ ရောက်လျှင်။ ငါးစီးရှင် ကျော်စွာအား။ အကြောင်းအရာ အလုံးစုံကို တင်လျှောက်၍။ ပတ္တမြားခေါင်းကို ဆက်လေ၏။

ငါးစီးရှင်သည် ခေင်ညို၏ လျှောက်တင်ချက်ကို သဘောကျ၍။ ငါ့ကျွန် ခေင်ညိုသည် ထမင်း တစလောင်း ရှင်၏ ကျေးဇူးကိုပင်။ ဤမျှ သိပေသည်။ ငါနေ့တိုင်းမပြတ် သား မယားနှင့်တကွ ကျွေးမွေး နေသော ကျေးဇူးကိုကား။ အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု ချီးမွမ်းပြီးလျှင်။ များစွာ ဆုလာဘ်ပေး၍ ချီးမြှောက်ထားလေသတည်း။

## ကောင်းသော အကျင့်စာရိတ္တ။

ဤပုံပြင်တွင်၊ ငါးစီးရှင်ကျော်စွာ၏ ကျွန်ယုံ ခေင်ညိုသည် မိမိအရှင်၏အကျိုးကို ဆောင်ရွက်ရန်၊ အသင်္ခယာစောယွန်း၏ နန်းတော်ထဲသို့ ရဲရင့်စွာဝင်ရောက်သွားဝန့်သော်လည်း၊ နတ်တင်ထားသော ထမင်းကို စားသေသဖြင့်။ ထမင်းတစ်လောင်း၏ ကျေးဇူးကို သိမြင်၍၊ အသင်္ခယာ စောယွန်းအား ရက်ရက်စက်စက် မသတ်ဘဲ ပြန်လာခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ပြန်လာခဲ့သော်လည်း၊ သူ၏အရှင်က စိတ်မဆိုး သည့်အပြင်၊ ကျေးဇူးသစ္စာ စောင့်သိခြင်းကိုလေးစားသော အနေဖြင့် ထပ်မံ ချီးမြှောက်ပြန်လေသည်၊

ဤပုံပြင်ကို ထောက်ရှုခြင်း အားဖြင့် ကျောင်းသား လူ ငယ်တို့သည်၊ ယခုငယ်စဉ်ကတည်းက၊ မိမိတို့အား လူလား မြောက်အောင် မွေးမြူခဲ့ဘူးသော မိဘတို့၏ကျေးဇူး၊ ပညာ သင်ပေးသော ဆရာသမား တို့၏ ကျေးဇူး၊ မိမိတို့အား တကြိမ်တခါမျှ အကူအညီပေးခဲ့ဘူးသော အခြားသူများ၏ ကျေးဇူးတို့ကို မမေ့သင့်ပေ။

ထိုသို့ ကျေးဇူးသစ္စာကို စောင့်သိခြင်းသည်၊ ကောင်း သောအကျင့်စာရိတ္တတခု ဖြစ်ပေသည်။

ပြည်သူ့ဝန်ထမ်း—ယောက်ျားကောင်းဆို
သည်သည်မှာ—တာဝန်ကိုလေးစား
ရိုသေ၍ အမိန့်ရအခါတွင်
သစ္စာ ရှိခြင်းပင် ဖြစ်ပေ သည်။



## လေ့ကျင့်ခန်း (၃)

၁။ အနန္တသူရိယ အမတ်အား၊ အဘယ်ကြောင့် ရဲရင့် တည်ကြည်သောစိတ်ဓါတ်ရှိသည်ဟုဆိုနိုင်သနည်း။

၂။ မိဖုရား စောလုံသည်၊ မင်းကြီး၏ ပွဲတော်ထဲတွင်၊ အဘယ်ကြောင့် အဆိပ်ခတ်ထားသနည်း။

၃။ စောလုံ၏ကိုယ်ကို အဘယ်ကြောင့် မီးမကျူးသနည်း။

၄။ မဂဒူး မင်းဖြစ်ရန် မည်ကဲ့သို့ နိမိတ်မြင်သနည်း။

၅။ မဂဒူး မင်းဖြစ်လာပုံကို အကျဉ်းချုပ်ရေးပါ။


၆။ ရဟန်းပျိုသည် သံပျင်မင်းတို့၏ မျက်နှာကို မြင်ရရန် မည်ကဲ့သို့ ကြံစည်ပြုလုပ်သနည်း။

၇။ ငခင်ညို၏ ကျေးဇူးသစ္စာတရား သိပုံကိုရေးပါ။

၈။ သံပျင်ဌ ကာကို မည်သူရေးခဲ့သနည်း။

www.burmeseclassic.com

www.burmeseclassic.com



## အာသောက ကျောက်တိုင်။

အာသောကမင်းကြီး သာသနာတော် ပြုပုံနှင့် ထင်ရှားကြီးကျယ်သော ပုဂ္ဂိုလ်များ၏ အကြောင်းကို ရှုလတန်း ကျောင်းသုံး–ကမ္ဘာ့သမိုင်း စာအုပ်မှာ ကြည့်ပါ။



## (၁၄) သူဌေးသမီးသုဘဒ္ဒါ။



သူဌေးသမီးသုဘဒ္ဒါ–ရှင်ပွါးတော် တွေ့ရပုံ။

ရှေးလွန်ခဲ့သော နှစ်ပေါင်းတထောင်သောင်းကာ ၁ ၂ း နှ ပြည်တော်တွင်၊ တိဿ ဂုဏ်အာအမည်ရှိသော မင်းတပါးအုပ်စိုးလျက်ရှိ၏။ မင်းကြီးသည်။ ဗုဒ္ဓဘာသာကိုယုံကြည်ကိုးကွယ်သူ မဟုတ်သဖြင့်၊ ဗုဒ္ဓရှင်ပွါး ဆင်းတုတော်များကို မြစ်ချောင်း ရေအိုင်များထဲသို့ သွင်ပြစ်စေ၏။ ဗုဒ္ဓဘာသာယုံကြည် ကိုးကွယ်သူများကို တွေ့လျှင်လည်း။ အပြစ်ပေးထားတော်မူလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

## ရေထဲမှ ရုပ်ပွားတော်။

ထိုအချိန်တွင်၊ ပဲခူးမြို့နေ သူဌေးကြီးတဦး၌။ ၁၆ နှစ်ရွယ် သုဘဒ္ဒါ အမည်ရှိသော သတို့သမီးတယောက်ရှိ၏။ ထိုအမျိုးသမီး ကလေးသည်။ ရုပ်ဆင်းအင်္ဂါ၊ လှပ၍။ ဗုဒ္ဓဘာသာကို ကြည်ညို လေးစား၏။ ရတနာ သုံးပါးကိုလည်း။အမြဲမပြတ် ဆည်းကပ် ကိုးကွယ်၏။

တနေ့သော နံနက်တွင်၊ အခြွေအရံ များနှင့် မြစ်ဆိပ်သို့ ရေဆင်း၍ ချိုးသောအခါ၊ ရုပ်ပွားတော် အချို့ကို စမ်းသပ်မိလေသည်။ ရေမှဆယ်ယူ၍ ကြည့်လျှင်၊ ကြည်ညိုဖွယ်ကောင်းသော ရွှေဆင်းတု တော်များကို ဖူးတွေ့ရသဖြင့်။ (ဤရုပ်ပွားတော်များကို မည်သူများ ရေထဲသို့ ပစ်ချပါသနည်း).....ဟုစုံစမ်း မေးမြန်းလေ၏။

အခြွေအရံတို့က၊ (အရှင်မ၊ဤရုပ်ပွားဆင်းတုတော်များကို ဘုရင့်အမိန့်နှင့် မြစ်ထဲသို့ ပြစ်ချထားဟန် တူပါသည်။ ဤရုပ်ပွားတော်များကို ဆယ်ယူလျှင်၊ကြီးစွာသော မင်းမျက် သင့်ပါလိမ့်မည်).....ဟု ရိုင်းဝန်းပြောဆိုကြကုန်၏။


## အသက်မငဲ့ဘဲ ရတနာသုံးပါးကို ကြည်ညိုခြင်း။

သုဘဒ္ဒါမှာ၊ ရတနာသုံးပါးကို ကြည်ညိုလေးစားလွန်း ရှာသဖြင့်။ မင်းပြစ်မင်းဒဏ် သင့်မည်ကိုပင် ဂရုမစိုက်နိုင် တော့ဘဲ။ ရွှံ့ညွှေများ ပေကျံနေသော ရုပ်ပွား ဆင်းတုတော် များကိုဆေးကြောသုတ်သင်ပြီးလျှင်။ စေတီတော်တဆူရှေ့ တွင် ကောင်းမွန်စွာ တင်ထား ကိုးကွယ်ပြန်သည်။

ထိုအကြောင်းကို မင်းကြီး ကြားသိလျှင်။ အမျက်ပြင်း



ပြ ထွက်၍။ သုဘဒ္ဒါကို ဖမ်းဆီးစေပြီးလျှင် ရှေ့တော်သို့ ခေါ်ယူစစ်ဆေးလေ၏။ သုဘဒ္ဒါကလည်း။ မကြောက်မထောက် ဘဲ။ ဟုတ်တိုင်း မှန်ရာကို ပြန်လည်တင်လျှောက်လေသည်။ ထိုသို့မှန်ရာကို တင်လျှောက် သဖြင့်။ မင်းကြီးက မသေမ ချင်းဆင်နှင့်နင်းသတ်ရန် အမိန့်ပေးလိုက်လေသည်။



သူဌေးသမီး သုဘဒ္ဒါအား ဆင်နင်းသတ်ပုံ။

## ဘုရားရှင်၏တန်ခိုး။

ဆင်ထိန်းသည် ဘုရင်၏ အမိန့်အတိုင်း။ သုဘဒ္ဒါကို ကြိုးနှင့် တုပ်နှောင်ကာ ဆင်နှင့် နင်းသတ်ရန်။ ဆင်ကို လွှတ်ပေး၏။ထိုသို့သော်သုဘဒ္ဒါကသရဏဂုံ သုံးပါးနှင့် ငါးပါး သီလကိုဆောက်တည်၍။ဆင်နှင့် ဆင်ထိန်းကိုရင်း။မင်းကြီး ကိုရင်း။မေတ္တာပို့လေ၏။ထိုသို့မေတ္တာပို့သဖြင့်။ဆင်သည် မနင်းဝံ့ဘဲ။ နောက်သို့အကြိမ်ကြိမ်ဆုတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆင်နှင့် နင်းသတ်၍ မရပြန်လျှင်။ မီးရှို့၍သတ်ရန် အမိန့်ပေးပြန်၏၊ သုဘဒ္ဒါကို မီးလောင်တိုက်ပေါ်သွင်း၍။ မီးတိုက်ကြသော်လည်း။ သရဏဂုံ သုံးပါး၏ တန်ခိုးတော်ကြောင့်။ မီးကူးစက်လောင်ကျွမ်းခြင်းမရှိချေ။

သုဘဒ္ဒါမှာ ဆင်နှင့် နင်းသတ်၍လည်း မသေ။ မီးလောင်တိုက်သွင်းသတ်၍လည်း မသေနိုင်သဖြင့်။ သူသတ်သမားများပင် ကြောက်ရွံ့လာ၍။ မင်းကြီးထံ ပြန်လည် ဒို့ဆက်ကြပြန်၏။



မြတ်စွာဘုရားကို သုဘဒ္ဒါ အဓိဋ္ဌာန်ပြုပုံ။

### သုဘဒ္ဒါ၏အဓိဋ္ဌာန်။

မင်းကြီးလည်း သုဘဒ္ဒါအား။ (အိုသူငယ်မ၊ သင်ကိုး ကွယ်နေသော ဗုဒ္ဓရုပ်ပွါးတော်များသည်၊ တန်ခိုး ကြီးပါက



နှင့် ဖြည့်စုံပါမူကား။ ကောင်းကင်မှ ကြွလာပါစေ။ အကယ်၍ ကြွလာအောင် မပင့်ဆောင် နိုင်ပါလျှင်။ သင်၏ ကိုယ်ကို ၇ ပိုင်း ပိုင်း၍၊ သတ်တော်မူမည်)ဟု မိန့်တော်မူ၏။

သုဘဒ္ဒါသည်။ မင်းကြီး၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းလိုသဖြင့်။ ငါးပါးသီလကို ခံယူဆောက်တည်၍ ရုပ်ပွါးတော်မြတ်များအား မင်းကြီးအလိုရှိတိုင်း။ ကြွလာတော် မူစေသားဟု အဓိဋ္ဌာန် ပြုလေလျှင်။ ဗုဒ္ဓရုပ်ပွါးတော် ၇ ဆူတို့သည်။ ရောင်ခြည်တော် ၆ သွယ်တို့ကို တပြိုင်နက် ကွန့်မြူးလျက်။ ကောင်းကင်မှ မင်းကြီးပဲ့ရာ နန်းတော်သို့ကြွလာတော်မူလေသည်။

ထိုအံ့ဘွယ် သူရဲ ထူးကဲသောအချင်းအရာကို မင်းနှင့်တကွ။ မှူးမတ်ဗိုလ်ပါ စသည်တော်တို့ မြင်ကြလေသော်။ နန်းတော်တရလုံး အုံးအုံးကျက်ကျက်ဖြစ်ကြလေ၏။ မင်းကြီးလည်း ရုပ်ပွါးတော်မြတ် များကို အလွန်ကြည်ညို သေးမြတ်သဖြင့်။ ရိုသေစွာ ရှိခိုးပူဇော်လေသည်။

သူဌေးသမီး သုဘဒ္ဒါကိုလည်း နှစ်သက်မြတ်နိုးသော်၍ မိဖုရားကြီးအရာ၌ ထားတော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



# (၁၅)တရားစောင့်သောရှင်မင်း။



လာဘ်စားသော ဦးရိုးတော်ပုံ။

ရှေးနိုင်ပြည် လောင်းကြက်မြို့တော်၌ အုပ်စိုးခဲ့သောဘုရင်မင်းထီးသည်။ အလွန်ဖြောင့်မတ်၍ တရားဥပဒေကို စောင့်သိရှိသော်။ မိမိဆုတ်ပြန်ထားသောအမိန့်ကို မရှိသော်လျှင်၊ မည်သူ့ကိုမဆို တရား အတိုင်း စီရင် မည်ဟု ကြေငြာထား၏။

## ဦးရိုးတော်။

တနေ့သော်။ သူဌေး တဦး၏ အိမ်မှ ကျွန် နှစ်ယောက်သည်။ သူတပါးတို့၏ နွားများကို ခိုးယူ သတ်သား သဖြင့်။ အတောင်းခံရလေ၏။ သူတို့၏ အရှင် သူဌေးသည်၊ မင်းပြစ်မင်းဒါဏ် ခံရမည်ကို ကြောက်ရွံ့ သဖြင့်။ ဘုရင်၏ ဦးရိုးတော်သူ အနန္တဘယထံသို့ ကပ်၍။ ငွေတတောင် လာဘ်ပေးပြီးလျှင်။ ကျွန်နှစ်ယောက် အတွက်။ အရှင် ခံပါဟု တောင်းပန်လာ၏။ အနန္တဘယကလည်း ငါသည် ဘုရင်၏ ဦးရိုးတော်ဖြစ်သည်၊ အပြစ်မဖြစ်နိုင်ရာဟု တွေးတောပြီးလျှင်။ ငွေကိုယူ၍ ဝန်ခံလိုက်၏။

တရားခံများကို စစ်ဆေးသောအခါ။ ဦးရိုးတော်အနန္တဘယ၏ ကျွန်တော်များဖြစ်ပါသည်ဟု တင်လျှောက်ကြ၏။ ထိုအခါဘုရင်မင်းထီးသည်စဉ်တကောင်းစားဖိမလအမတ်ကို မေးမြန်း တိုင်ပင်၍။ ငါတို့မင်း မည်သည်မှာ။ မည်သူ့ကို မျက်နှာကိုမှမထောက်နိုင်။ တရားအတိုင်း စီရင်ရမည်ဟု မိန့်ဆိုပြီးလျှင်၊ ဦးရိုးတော်ကို သူသတ်တို့အား အပ်လေ၏။



ဘုရင်ကိုယ်တိုင် မိမိလက်ညှိုးကိုဖြတ်နေပုံ။

## ထုံးသုတ်ခွ။

တခါသော်။ မှူးမတ်စသူတို့သည်။ ကွမ်းစားပြီးနောက်။ နန်းတော်တိုင်များကို အမှတ်မဲ့ ထုံးသုတ်လေ့ရှိသည်နှင့်

www.burmeseclassic.com

နောင်ထုံးသုတ်သူကို တွေ့လျှင်။ သုတ်သည့် လက်ချောင်းကို ဖြတ်ပြစ်မည်ဟု အမိန့်တော်ထုတ်လေသည်။

ထနေ့သည်။ ဘုရင်ကိုယ်တိုင် လက်ညှိုးဖြင့် ထုံးသုတ်မိ၏။ မြင်သော အမတ်တဦးက အချိန် နာရီပါ စာဖြင့် ရေးမှတ်ထားလိုက်၏။ ၁၅-ရက်ကြာသောအခါ။ မှူးမတ် စုံညီနှင့် ညီလာခံနေစဉ်။ နန်းတော်တိုင်မှ ထုံးသုတ်ရာကို မြင်၍ မေးတော်မူရာ။ မှတ်ထားသောအမတ်က ဘုရင်ကိုယ်တိုင် သုတ်မိကြောင်းကို နေ့ရက်၊ အချိန် နာရီနှင့်တကွ လျှောက်ထားလေ၏။

ထိုအခါ၊ ဘုရင်မင်းထီးသည်။ အလျှာတို့ ရှေ့၌။ မိမိ၏ လက်ညှိုးကို သံလျက်ဖြင့် ခုတ်ဖြတ်လိုက်လေ၏။

BURMESE CLASSIC .com

ခင်းမှာ သစ္စာ—လူမှာ ဂတိ။
တည်ကြည် မိကာ—များသိ ဥစ္စာ
ကျော်စောရာ၏။



# (၁၆) မိဖုယားဖွါးစော။



ဖွားစောငယ်စဉ်က အိပ်ပျော်နေစဉ် မြွေငန်းစောင့်နေပုံ။

## ငယ်စဉ်ကနိမိတ်။

ပုဂံမင်းဆက်တွင် ပညာရှိ မိဖုယားကြီးဟု ထင်ရှားခဲ့သော ဖွါးစောသည်၊ သံ . ထိန်း ကမ်းဖြူရွာ တောင်သူကြီး၏သမီးဖြစ်သည်၊ မဂ်တတ် သွားတတ်စ အရွယ်က။ အဖယာထွန်ရာသို့ ယူသွား၍ သစ်ပ အောက်၌ သိပ်ထား ရာ အိပ်ပျော်နေလေ၏။ ထိုသို့ အိပ်ပျော် နေစဉ်။ မြွေငန်းကြီး တကောင်သည်၊ သူငယ်မကို မထိ စေဘဲ။ ခွေပတ်၍ ဦးခေါင်းကို ပါးပြင်းဖြင့် မိုးလျက် နေလေ၏။ အဖမြင်၍ အော်ဟစ်အမြန် ပြေးလာသော်။ မြွေကြီးသည် ခွါထွက်သွားလေ၏။ ထိုအကြောင်းကို ပညာရှိဘိုးကြားသော်။ ထိုသူငယ်

www.burmeseclassic.com

မသည် အထင်အရှား ကောင်းစားလိမ့်မည်ဟုပြောဟော ကြလေ၏။

သူငယ်မ၏ မိဘများမှာ၊ အတော်အသင့် ကြွယ်ဝ ချမ်းသာသူများဖြစ်သဖြင့်၊ သူငယ်မကို ကောင်းမွန်စွာ ဝတ်စား ဆင်ယင်၍ နို့ထိန်းသည်တို့နှင့်ထားလေ၏။

၁၂-နှစ်အရွယ်သို့ ရောက်သော အခါ၊ ထိုသူငယ်မ စိုက်ထားသော မြက်သေးပန်းရုံတရုံတွင် ပုံးညက်-ချယား-စကား-သုံးမျိုး ပွင့်နေသတဲ့။ ပညာရှိတို့က ဤသူငယ်မ သည် ဧကန် မြင့်မြတ်သောသူ ဖြစ်လာလိမ့်မည်ဟု ဟော ပြောကြပြန်၏။

ဥဇနာမင်းက ကောက်ယူခြင်း။



တောင်သူကြီးသမီး၏ပန်းပင်ကို ဥဇနာမင်းကြီးရှုစားနေပုံ။

ဥဇနာမင်းသည်၊ နတ်တော်လ၌ နှစ်စဉ် ကျင်းပမြဲဖြစ်



သော မဟာဂိရိနတ်မောင်နှမကို ပူဇော်ရန်၊ ပုပ္ပါးတောင် သို့တက်လာရာ၊ ဆိပ်ထိမ်း ကမ်းမြို့ရွာ၌ ပန်းတပင်မှ သုံး မျိုးပွင့်ကြောင်းကြားရ၍ ဝင်ရောက်ရှုစားလေ၏။ ထိုအခါ ပန်းသီတံနှင့် ပန်းစိုက်နေသော ထိုမိန်းမငယ်ကို မြင်လျှင်၊ ကောက်ယူတော်မူ အဆင်းအင်္ဂါနှင့်ပြည့်စုံသူဖြစ်သဖြင့်၊ လေ၏။

မိဖုယားကြီးဖြစ်လာခြင်း။

ဥဇနာမင်း နတ်ရွာစံ၍၊ သားတော် နရသီဟပတေ၊ နန်းတက်လာသောအခါ၊ ထိုမိန်းမကို မိဖုယားမြှောက်သ ဖြင့်၊ ထင်ရှားလာလေ၏။ နရသီဟပတေ မင်းကား၊ အ မျက်ဒေါသကြီး၍၊ စိတ်သဘောထား ကြမ်းတမ်း၏။ ဤမင်း ကို မိဖုယားစောသာလျှင် ဖြောင့်ဖျ သွန်သင်စောင့်ရှောက် ရ၏။

တခါသော် ပညာရှိအမတ်ကြီးရာဇသင်္ကြန်ကို မင်းကြီး အောက်မျက်တော်မူသဖြင့်၊ ရာဇူးစည်းဗိမ်မှနှုတ်ပြီးလျှင် အောက် ဒေ ရပ်ဒေသသို့ပို့လိုက်လေ၏။ ရာဇသင်္ကြန်မရှိပြီဟုအဝေး မြို့ရွာတို့မှ ကြားလျှင်၊ ပုန်ကန် ထကြွလေ၏။ မင်းကြီးမှာ မည်သို့မျှ ကြံတတ်သဖြင့်၊ မှိုင်၍သာနေတော်မူ၏။ ထိုအ ခါ မိဖုယားစောက အရှင်မင်းကြီး၊ မှိုင်၍နေတော် မမူပါ နှင့်။ ပညာရှိ ရာဇသင်္ကြန်အမတ်ကြီးကိုပြန်ခေါ်၍ တိုင်ပင် တော်မူပါဟု တင်လျှောက်သဖြင့်၊ မင်းကြီးသတိရ၍ ရာဇ သင်္ကြန်ကိုပြန်ခေါ်ပြီးလျှင်၊ သူပုန်ရန်တို့ကို နှိမ်နင်းစေ၍ အေးတော်ပြီးငြိမ်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ရှေ့ရေးကိုမြော်မြင်တိုင်းဆတတ်ခြင်း။

နရသီဟပတေ့မင်း လက်ထက်တွင် တရုပ်မောင်းသွင်ဘုရင် ကူဗလေခန်နှင့် စစ်ဖြစ်ရာ၊ တရုပ်တို့ စစ်ကြီးချီသာသဖြင့်။ မြန်မာတပ်တို့ဆုတ်ခွါရသည်။ နရသီဟပတေ့မင်းလည်း။ တရုပ် တပ်များကို မခုခံနိုင် သဖြင့်၊ သားတော်ကြီး ဥဇနာရှိသော ပုသိမ်သို့ ရှုံးဆင်း ထွက်ပြေး ရသည်။ တရုပ်တပ်များ မြန်မာပြည်တွင်းမှ ဆုတ်ခွါသွားသော အချိန်တွင် ပုဂံနေပြည်တော်သို့ပြန်မည်ရှိရာ။ မိဖုယားစောက မပြန်သင့်သေးကြောင်းကို အဘန်တန် လျှောက်ထား တားမြစ်လေသည်။ သို့သော် မိဖုယားစော၏ စကားကို မနာယူဘဲ၊ ပေါ်တော်မြင့်ဆန်တက်သွားရာ။ ပြည်မြို့သို့အရောက်တွင်။ သားတော်လက် ပြည်စား သီဟသူက စားတော်ပွဲ၀ယ်အဆိပ်ခတ်၍ ကျွေးသဖြင့်။ နရသီဟပတေ့ မင်းကြီး နတ်ရွာစံရလေသည်။

## နန်းဖွင့်စင်လာစီမံပေးခြင်း။

နရသီဟပတေ့မင်းကြီး နတ်ရွာစံပြီးနောက်။ သားတော်ကျော်စွာမင်း နန်းတက်၏။ ထိုမင်းလက်ထက်တွင်မိဖုယားစောကို မပြုမစုနေသောကြောင့်။ မိဖုယားစော စိတ်နာ၍ နရသီဟပတေ့မင်း လက်ထက် ကတည်းက သူကောင်းပြုထားသော ရှမ်းညီနောင်သုံးဦးနှင့် တိုင်ပင်ပြီးလျှင် နန်းမှ ချလိုက်လေ၏။ ထိုရှမ်းညီနောင်သုံးဦးအနက်၊ ညီအငယ်ဆုံး သီဟသူသည် ၆၇၄–ခုနှစ်၌။ ပင်းယမြို့ကို တည်ဆောက်





မိဖုယားစောအား နန်းဖွင့်ပေးရန် တောင်းပန်နေစဉ်။

၏။ ထိုပင်းယမြို့ နန်းဖွင့်ပွဲတွင် မိဖုရားစော ကိုယ်တိုင်ကြီးမှူး၍စီမံပေးရ၏။

မိဖုရားစောကား၊ တောင်သူကြီး၏ သမီးပင် ဖြစ်သော်လည်း၊ ဇာဆင်းအင်္ဂါနှင့် ပြည့်စုံ၍၊ ပညာအမြော်အမြင်ရှိသော ကြောင့်၊ မင်း ၅ ဆက် တိုင် တိုင်၊ အရေး ပေးချီးမြှောက်ခြင်း ခံရပေသည်။

> အမယာ၊ကိုရှိ၊စွေ၊သဘွ၊လ–တော်လေးဝကွဲ့သို့
> မိန်းမထူး မိန်းမမြတ်။ မိန်းမ အာဇာနည်
> ပေါ်ထွက်လာမည့်–မြန်မာပြည်။

# (၁၇) ပညာရှိဝန်ဇင်းမင်းရာဇာ



မင်းရာဇာငယ်စဉ်ကစာကျက်နေပုံ။

လွန်ခဲ့သော နှစ်ပေါင်း ၉၀၀လောက်က။ မိတ္ထီလာ ကန်တော်အနီး ဝန်ဇင်း ရွာတွင် အသည်သား တယောက် ရှိ၏။ ထိုသူသည် ငယ် ရွယ်စဉ်ကတည်းက။ ကနွဲ့ ကျွဲခံနှင့် ပုရပိုက်ကို အမြဲ ဆောင်ထား၍။ ပညာ ဗဟုသုတ ကြားသိသမျှကို ရေးဆောင်း မှတ်သားလေ့ရှိ၏။ အရွယ် ရောက်သောအခါ ဝန်ဇင်း ရွာသူကြီးသမီးနှင့် ချစ်ကြိုက်ကြလေ၏။

## ပညာရဲရင့်ပွဲလယ်တင့်။

ဘခင် ရွာသူကြီးသည် (ဤသူငယ်ကား နှုတ်ရေး စကား တတ်သူသာ ဖြစ်သည်။ ကြိုးကြိုးပန်းပန်းလုပ်ကိုင် စားသောက်မည့် သူမဟုတ်။ သို့ကြိုက်လျှင်၊ လွတ်ရာမှာ လိုက်နေ၍၊ သည်လယ် သည်နွားနှင့် လုပ်ကိုင်စားလော့) ဟု ဆိုပြီးလျှင် လယ်တပွဲနှင့် နွားတရှဉ်း ကိုပေး၍၊ ထွတ် လိုက်လေ၏။ နှစ်ယောက် သားလည်း သင့်မြတ်စွာ နေကြ၍၊ ရပ်ရွာ ဓလေ့အတိုင်း၊ လယ်ယာ လုပ်ကိုင် စားသောက် နေကြလေ၏။



ထိုသို့ လယ်ယာ လုပ်ကိုင် စားသောက် နေကြစဉ်။ သက္ကရာဇ် ၄၃၀ ခုနှစ်၌။ မိတ္ထီလာ ကန်တော်ကြီးပေါက် လေသဖြင့်။ အင်းဝ ဘုရင်မင်းကြီးစွာ စော်ကဲသည်။ ဗိုလ် ပါအများနှင့် ချီတော်မူလာ၍။ ကန်ကို ဆည်တော်မူ၏။

ထိုအခါ ကန်တောင်ရိုးတွင်။ မိန်းမရုပ်နှင့် တွတ်ကွင်း နှင်နန်း တခုရှိလေသည်ကို၊ ထိုမှိုလောက်သော ဘုန်းရှိအား မေးမြန်း စုံစမ်းတော်သည်။ မည်သူမျှ မတင် မလျှောက် နိုင်ကြသဖြင့် ထိုအရပ်၌ အမှတ်အသား အကြောင်းအမြင် နှင့်ပြည့်စုံသူ ရှိမရှိကို မေးတော်မူ၏။ ရွာသူရွာသားများက ဝန်ဇင်း ရွာသူကြီး၏ သားမက်သည် အမှတ် အသားများ ပါသည်ဟု တင်လျှောက် ကြသောကြောင့်၊ ရွာသူကြီး ထံမှ တောင်းယူတော်မူလေ၏။

## ဘုရင့်ထံ တင်လျှောက်ပုံ။



စာဆိုမောင်ညို လျှောက်ထားပုံ။

ရွာသူကြီး သားမက်သည် မိမိအား မင်းကြီးစွာ စော်ကဲ က အခေါ် တော် ကြောင်းကိုသိရလျှင် လယ်ယာ လုပ်ငန်း ကို အမြန် သုံးချင် သိမ်း၍ ဘုရင့် ရှေ့တော် မှောက် သို့ လာရောက် ခစားလေ၏။ ထိုနောက် ကန်တော်ရိုးပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com


နတ်ကွန်း အကြောင်းနှင့် ပတ်သက်၍၊ ဘုရင်မင်းမြတ်က မေးမြန်းသည်ကို ဤသို့ လျှောက်တင်သေ၏။

(အရှင်မင်းကြီး၊ ဤအရာသည် နတ်ကွန်း မဟုတ်ပါ ဗုဒ္ဓ ပြည့်ရှင် အနော်ရထာ မင်းစောသည်။ ဤကန်တော်ကို ဆည်လုပ်တော်မူစဉ်။ ကမ္ဘောဇတိုင်း စော်ဘွားကြီးက။ သမီးကညာ ဆက်သသာပါသည်၊ ထိုမိဖုရားငယ်သည် ယုတ် ခရက် ဖျားနာ သေဆုံးသွားရာ။ အနော်ရထာ မင်းသည်။ အလောင်းကို မသွန်ရက် နိုင်သဖြင့်။ ကြာသော် မှူးမတ်တို့က ထိုမိဖုရားငယ်နှင့် တူသော ရွှေရုပ်ကို လုပ်၍ ဆက်သပြီးလျှင်။ အလောင်းကို သင်္ဂြိုဟ် လိုက်ကြလေသည်။ မင်းကြီးနေပြည်တော်သို့ ပြန်သောအခါ။ ထိုရွှေရုပ်ကို ကန်တောင်ရိုး အတွင်း၊ ... မြုပ်နှံ ထားခဲ့ပါသည်။ ထိုရွှေရုပ် မြုပ်နှံသော နေရာတွင်။ သင်္ချိုင်းဖြင့် အရုပ်ထုလျက်။ နတ်ကွန်းသဏ္ဍာန် ဆောက်လုပ် ထားခဲ့ပါသည်။ ကာလကြာသော် ဤအကြောင်းကို မသိသောသူတို့က။ နတ်ထင်မှတ်၍ စားဦး သောက်ဦး များကို တင်လျှောက် ပသကြပါသည်)ဟု တင်လျှောက်လေ၏။

မင်းကြီးမှာ စော်ကဲသည်း။ သူကြီး သားမက် တင်လျှောက်သည့်အတိုင်း။ ကန်တောင်ရိုး ကို ဖျက်၍ တူးဖော်ကြည့်ရာ။ ရွှေသားရုပ်ပုံတော်ကို ရသဖြင့်၊ နှစ်သက် အားရ တော်မူ၍။ ဆုလာဘ် များစွာပေးပြီးလျှင်။ အင်းဝ နေပြည်တော်သို့ခေါ် ဆောင်သွားလေ၏။ မကြာမီ (စည်းတပြစ်) မှူးသောအမှတ်ပညာရှိဘွဲ့ထူးကိုပေးတော်မူသည်။



ငင်းရာဇာဘွဲ့။


လယ်သမားဘဝမှ နန်းကြီးဖြစ်ပုံ။

တခါသော် ဘုရင်သည် ယောဇ်ပတော် ရာဇသကြိန်နှင့်နှစ်မတော်စော ဥမ္မာနှင့် ပတ်သက်၍ စည်းတပြစ် အမတ်အား တိုင်ပင်ရာ။ စည်းတပြစ်က အထူးထူးသော ပုံပြင်နည်းနာတို့ဖြင့် တင်လျှောက်သဖြင့်။ မင်းကြီးနှစ်သက်တော်မူ၍ (မင်းရာဇာ) ဘွဲ့ထူးဖြင့် ချီးမြှောက်ပြန်၏။

အန္တထမ်းနှစ်။

ပညာရှိ အမတ်ကြီး ငန်ဇင်းမင်းရာဇာသည် အင်းဝ ဘုရင်မင်းကြီးစွာစော်ကဲ လက်ထက်မှ သားတော် ဆင်ဖြူရှင်တခုဗျား။ ညီတော်ပဋ္ဌမ မင်းခေါင်စသည်ဖြင့်၊ မင်း သုံးဆက်တိုင်တိုင် အမှုတော်ကို ထမ်းရွက်လာခဲ့ပေသည်။ အမတ်ကြီး တင်လျှောက် အကြံဉာဏ်ပေးသော အချက် တို့မှာ၊ မင်းနှင့်တကွ တိုင်းသူပြည်သားများပါ အကျိုးရှိ သည်သာများပေသည်။ ထိုမျှအများအကျိုးကို ဆောင်ရွက် လာခဲ့သော ပညာရှိကြီးသည်၊ အသက် အရွယ် ကြီးရင့် လာပြီဖြစ်သဖြင့်၊သက္ကရာဇ် ၇၇၃ ခုနှစ်တွင်၊ ဘဝတပါး သို့ပြောင်းသွားကွယ်လွန်လေသည်။

အမတ်ကြီး တင်လျှောက် ခဲ့သော ပုံပြင် နည်းနာများကို (မဏိရတနာပုံ) အမည်ဖြင့်၊ ကျမ်းတစောင် ပြုခဲ့ပေသည်။

www.burmeseclassic.com

 www.burmeseclassic.com

# လေ့ကျင့်ခန်း (၄)

၁။ သူဇွေးသို့ သုဘဒ္ဒါသည်၊ မင်းကြီးက အမျိုးမျိုး သတ်သော်လည်း၊ အဘယ်ကြောင့်မသေသနည်း။

၂။ ဦးရိုးတော် အနန္တ ဘယကို ရခိုင်ဘုရင်က အဘယ်ကြောင့်သတ်လိုက်သနည်း။

၃။ မိဖုရားဖွါးစော၏၊ ငယ်စဉ်က အဖြစ်အပျက်များကိုရေးပါ။

၄။ ဝန်ဇင်းရွာသား၊အသည်သားကို အဘယ်ကြောင့် မင်းကြီးစွာစော်ကဲက၊ အခေါ်လွှတ်လိုက်သနည်း။

၅။ စည်းတဖြစ် အမတ်သည်၊ မည်သည့် အခါ တွင် မင်းရာဇာဘွဲ့ကိုရသနည်း။

---

ကြိုးစား သင်က – ဘုရား ဖြစ်နိုင်မည်။

နိုးကြား နိုးက–အများ ချစ်နိုင်သည်။



# (၁၈) မွန်–သူရဲကောင်း လဂွမ်းအိမ်။



လဂွန်းအိမ်ပေါင်ခြံသို့ လှံထိုးနေပုံ။

လဂွမ်းအိမ်သည်။ မွန်ဘုရင် ရာဇာဓိရာဇ် ထံတွင်အမှုတော် ထမ်းရွက်နေသော။ အမတ် သူရဲကောင်း ဖြစ်သည်။ လဂွမ်းအိမ်၏အမည်ရင်းမှာ။ မသလုံဖြစ်သည်။

## ခြေနှိကိုတိုက်ခိုက်နှိမ်နင်းခြင်း။

တခါသော်၊ သံမောင်မြို့စား မဂြန်သည်။ ဘုရင်ရာဇာဓိရာဇ်ကို ပုန်ကန်ထကြွ၍။ ညအခါ တိုက်ခိုက်ရာ။ သည့်ကျွန်ပျက်ကို မည်သူ ရအောင် ယူပါချိမ့်မည်နည်း ဟု။ မိန့်တော် မူသည့်တွင်။ မသလုံသည် ကျွန်တော်မျိုး ကိုယ်တိုင် တိုက်ခိုက် ဆောင်ယူပေးပါမည်ဟုဆို၍ ဓါးလွယ်ကိုင်ကာ ထွက်လာခဲ့လေ၏။

www.burmeseclassic.com



ထိုသို့ ဆိုသည့်အတိုင်း၊ မသလုံသည်။ မငြိန် ရှိရာသို့ ချုပ်ဖျက် ဝင်ရောက်သွားပြီးလျှင်။ မငြိန်၏ ဦးခေါင်း ကို ဖြတ်ယူ၍။ ရာဇာဓိရာဇ်ကို ဆက်သလေ၏၊ ရာဇာဓိရာဇ်လည်း အားရတော်မူ၍။ ကောင်း၏ဟု ချီးမွမ်း တော်မူ၏။

## လဂွမ်းအိမ်ဘွဲ့ဖြင့် ချီးမြှင့်ခြင်း။

ရာဇာဓိရာဇ်သည်၊ မငြိန်၏ ဦးခေါင်းကို ဆောင်ယူဆက်ပေးသော မသလုံအား ဆုလာဘ် မပေးရသေးသည်ကို ကြေနပ်တော်မမူသဖြင့် တိုက်ကုလားမြို့ကို သိမ်းယူ၍ အပြီးတွင်မှ မသလုံအား ဝန်မြို့စား သံလိုက်၏သို့ ကိုယ်လုပ်တော်နှင်း ကေသရာနှင့် စုံဘက်ပြီးလျှင်။ (လဂွန်းအိမ်) ဟူသော ဘွဲ့နှင့် ဆင်ပေါက်ငါးစီး။ တိုက်ကုလားမြို့တို့ကို ပေးသနားတော်မူသည်။

## လဂွန်းအိမ်သစ္စာကြီးပုံ။

တခါသော် အင်းဝဘုရင်မင်းခေါင်နှင့် ရာဇာ ဓိရာဇ်တို့ စစ်ဖြစ်၍။ စစ်ပြေငြိမ်းရေး အတွက် မြန်မာ အမတ်နှင့် မွန်အမတ်တို့။ ကျိုက်ကိုဘုရားမှာ တွေ့ဆုံပြီးလျှင်။ သစ္စာပြုရန် စီမံကြလေ၏။ ရာဇာဓိရာဇ်၏အကြံကား။ မြန်မာတို့ တက်လာလျှင် လုပ်ကြံမည်ဟု ကြံခြင်းဖြစ်သည်။

ထိုသို့ စီမံထားသည်ကို လဂွမ်းအိမ်က နှုတ်မစောင့်ဘဲ ထုတ်ဖေါ်ပြောဆိုမိသောကြောင့်။ မြန်မာအမတ်တို့ ရိပ်မိ၍ ဘုရားသို့မရောက်မီပြန်ကြလေ၏။



ထိုအကြောင်းကို ရာဇာဓိရာဇ် ကြားသိ သော်။ လဂွန်းအိမ်ကိုစစ်မေးသဖြင့်။ လဂွန်းအိမ်က ဤသို့ လျှောက်တင်၏။ (မြန်မာမင်းသည်၊ ယခုမျိုးရိက္ခာ ကုန်၍၊ ပြန်ချင်လှလေပြီ၊ ဤသို့ သူ့အလိုအလျောက် ပြန်ရခါနီး ဆဲဆဲတွင် ကျွန်တော်တို့က အကောက်ဖြင့်ကြံရန်မလိုပါ။ အကောက်ကြံခြင်းသည်လည်း သူတော်ကောင်းတို့၏ အကြံ မဟုတ်။ သူယုတ်မာတို့၏အကြံသာ ဖြစ်ချေသည်။ အကယ်၍ ကျွန်တော်တို့က အကောက် ကြံခဲ့လျှင်။ မွန်လူမျိုးတို့သည် ဂတိသစ္စာမတည်ကြည်ကြဟု၊ နောင်သားစဉ်မြေးဆက် ပြော၍ ကျန်ရစ်ခဲ့လိမ့်မည်။ ထိုသို့ ဖြစ်မည်ကို မြင်မိသောကြောင့်။ ထုတ်ဖေါ် ပြောဆိုမိပါသည်)ဟု လျှောက်တင်လေ၏။

ရာဇာဓိရာဇ်သည်။ လဂွန်းအိမ်၏ လျှောက်တင် ချက်များကိုနှစ်သက်တော်မမူသဖြင့်။ ယခုပင် သတ်စေဟုအမိန့်ပေးလေ၏။ သို့သော် အနားတွင်ခစားနေသောဒိုလ်မင်းဖြတ်ဇကာ။ ရာဇာဓိရာဇ်အား အကျိုးအကြောင်း ဖြောင်းဖျ လျှောက်တင်သဖြင့်။ သေဘေးမှ လွတ်မြောက် သွားလေ၏။

## နေခက်ဆုံးတိုက်ပွဲ။

လဂွန်းအိမ်သည် သစ္စာရှိ၍။ စွမ်းရည် သတ္တိ နှင့်လည်း ပြည့်စုံ၏။ သို့သော်၊ ရန်သူဘက်မှ အကောက်ကြံ၍ သွေးဆောင်သည်ကို လိုက်မှားမိသောကြောင့်၊ ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ စစ်ဖြစ်နေစဉ်။ ပြည်မြို့တိုက်ပွဲ၌၊ ပေါင်မြို့ကို ယှဉ်ထိ၍ ကျဆုံးရလေတော့၏။

www.burmeseclassic.com



## (၁၉) ပင်းယ စကြိုသူမြတ်။



ရာဇာဓိရာဇ်နှင့် ပင်းယစကြိုသူမြတ်ပုံ။

ဟံသာဝတီ ပဲခူး မှ၊ မွန်ဘုရင် ရာဇာဓိရာဇ် သည်။ သက္ကရာဇ်-၇၆၉-ခုနှစ်တွင်။ မြန်မာမင်း နေပြည်တော် ဖြစ်သော အင်းဝကို လုပ်ကြံရန် ဆန်တက်လာ၍။ စစ်ကိုင်း ရေဝန်းတွင် ခေတ္တ တပ်စခန်း ချရပ်နေ၏။

### စကြိုသူမြတ်။

အင်းဝဘုရင်မင်းခေါင်သည်။ ရာဇာဓိရာဇ်၏ စစ်တပ်များကို ခုခံတိုက်ခိုက်ရန် မရဲဝံ့သဖြင့်။ အေးအေးချမ်းချမ်း စစ်ပြေငြိမ်းရန်။ မည်ကဲ့သို့ ပြုလုပ်ရမည်နည်းဟု ဆရာတော်များနှင့် တိုင်ပင်ရာ။ မည်သူမျှ မတင်လျှောက် နိုင်ကြချေ။ ထိုအခါ ဆရာတော်များ၏ အရိပ်အခြေကို ကြည့်ရှုအကဲခပ်နေသော ရဟန်းပျို ပင်းယစကြိုသူမြတ် သည်။ မွန်ဘုရင် ပြန်သွားအောင် ဆောင်ရွက် နိုင်ကြောင်းကို ရဲရဲဝံ့ဝံ့ တင်လျှောက်လေလျှင်။ ဘုရင်မင်းခေါင်သည် နှစ်သက်ဆော်မူ၍ အရေးကျန် လွှဲအပ်တော်မူသည်။



### အခမ်းအနား နှင့်တွေ့ခြင်း။

စကြိုသူမြတ်သည်။ ရာဇာဓိရာဇ်ထံသို့ တွေ့ဆုံစကားပြောဆို လိုကြောင်းကို မေတ္တာစာ တစောင် ရေး၍။ ခွင့်တောင်းလိုက်သည်။ အခွင့်ရသော် သွားရောက်ရန် မိစဉ်ပုံကား။ ရှေ့ဆုံးက ဝတ်ဖြူ စင်ကြယ် ဝတ်ထားသော သီတင်းသည်သုံးရာ။ နောက်က ဆင်ဖိုင်း ငါးဆောင်ပြည့်ကို။ ရွှေက တင်ပြီးသော်။ စကြိုသူမြတ်စီးသည်။ နောက်က တဖန် သူဒိုး ၃၀၀-က လက်ဆောင်တို့ကို ကိုင်၍ လိုက်ရ၏။

### ဆွေးနွေးပွဲ။

ရာဇာဓိရာဇ်လည်း။ စကြိုသူမြတ်ကို ရိုသေစွာဆီးကြို၍ နေရာချထားပေး၏။ ထို့နောက် စကြိုသူမြတ်ကစ၍ ဤသို့ မိန့်ဆိုတော်မူ၏။

(ဒါယကာ မင်းမြတ်။ အလွန်ဝေးလံသော ဟံသာဝတီ ပြည်မှ အဘယ်ကို အလိုရှိ၍ အင်းဝမြို့သို့ ပင်ပန်းကြီးစွာ ဆန်တက်လာပါသနည်း။)

ရာဇာဓိရာဇ်က။ (ငါသည် အထူးထူးသော ဗုဒ္ဓသုတကိုလည်း ရှာမှီးရင်း။ တိုင်းနိုင်ငံချဲ့၍ ဘုန်းလက်ရုံးကိုလည်း ပြရန် ရည်ရွယ်၍ လာခဲ့ပါသည်)ဟု ပြန်လည် ဖြေကြားလေ၏။

(တကာတော်မင်းမြတ်ဘုရင်။ ရဟန်း ပညာရှိ၊ လူမသာ ရှိမရှိဟု ငါထင်သည်။)

(အဘယ်ကြောင့်နည်း။)

www.burmeseclassic.com

www.burmeseclassic.com




(ဇမ္ဗူဒိပ်ကျွန်း။ တာဝတိံသာ။ အသူရာပြည်။အဇိဗိ) တည်းဟူသောအရပ် (၄)ဌာနသည်။ယူဇနာအသောင်းဗိ ရှိသော်လည်း။ အဇိဗိတွင် ရှိသူများသည်။ ကျန်သော (၃)ဌာနထက် ပိုမို၍ သတ္တဝါများပြား၏။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်းဟူမူ။ ဤလောက၌ မကောင်းမှုအားကြီး သူ များပြားသော့ကြောင့်ဖြစ်၏။ တကာတော် ယခုကြွလာ သောကိစ္စတွင်လည်း။ သူတပါးနိုင်ငံကို မတရား လောဘ ဇောဖြင့် တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ရင်း ဖြစ်သော ကြောင့်။ ဘုရားရှင်၏အလိုတော်နှင့်ဆန့်ကျင်ဘက် ဖြစ်ချေ သည်။ ဤကဲ့သို့သော မကောင်းမှုကိုပြုလုပ်ခြင်းမှ တားမြစ် ဆုံးမရန် ပညာရှိ တယောက်တလေမျှ မရှိသောကြောင့်။ ဒါယကာမင်းကြီးတွင် ရဟန်းပညာရှိ—လူပညာရှိ မရှိဟု ငါဆိုသည်။)

ထိုနောက်၊ ပင်းယစကြို သူမြတ်သည်။ ရာဇဓိရာဇ် နားဝင်စေရန်။ တရားစကား အမျိုးမျိုးကို လှည့်ပတ်ပြော ဆိုရာ။ ဘုရင် ရာဇာ ဓိရာဇ် အား ရ နှစ်သက်တော်မူ၍။ စကြို သူမြတ်ကို များစွာသောဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်း ခဲ့ပြီးလျှင် ဟံသာဝတီသို့ ပြန်လာခဲ့လေသည်။

ဤနည်းအား ဖြင့်။ပင်းယစကြို သူမြတ်သည်။ဟံသာဝတီ နှင့် အင်းဝ စစ်ဖြစ်မည့်အရေးကို အေးချမ်း သာယာသော နည်းဖြင့် ဖြန်ဖြေ တားမြစ်ခဲ့လေသည်။



# (၂၀) ဘုရင့်နောင်-ဆင်ဖြူရှင် မင်းတရားကြီး။



မြန်မာ နိုင်ငံ သမိုင်းတွင်။ ဒုတိယ မြန်မာ နိုင်ငံ တော်ကြီးကို ကြီး ကျယ်ခန်းနားစွာ တည် ထောင် ခဲ့ သော မင်းကား။ ဘု ရင့် နောင် ကျော် တင် နော် ရထာ ဘွဲ့ခံ၊ ဟံ သာဝတီ ဆင်ဖြူဘုရင့်နောင်နှင့်ယိုးဒယားမင်းတို့ ဆင်စီးချင်းတိုက်ပုံ များရှင် မင်းတရားကြီး ဖြစ်သည်။

## ငယ်စဉ်ဘဝ။

မင်းတရားကြီး၏ ငယ်နာမည်မှာ ရှင်ရဲထွေး ဖြစ်၍။ ကေ တုမတီ တောင်ငူမြို့သား ဇာတိဖြစ်သည်။ မင်းတရားကြီး၏ ဘခင်မှာ။ တောင်ငူ မင်းကြီးညို၏ သားတော် တပင်ရွှေထီး ကို စောင့်ရှောက်ထိမ်းသိမ်းရသော မင်းရဲသိခ်သူ ဘွဲ့ခံ မင်း ကြီးဆွေဖြစ်သည်။ ရှင်ရဲထွေးနှင့် တပင်ရွှေထီး မင်းသားမှာ နို့နို့ကပ်ကပ် နေထိုင်ကြရသောကြောင့်။ ငယ်စဉ် က တည်းကပင်။ညီအစ်ကိုအရင်းကဲ့သို့ချစ်ခင်ကြင်နာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## သမီးတော်နှင့်ချစ်ကြိုက်ခြင်း။

ရှင်ရဲထွန်း အရွယ်ရောက်လာသောအခါ၊ တပင်ရွှေထီး၏ အမတော်ထံသို့ ကွမ်းခွက်တော်ကို ယူ၍ နေ့စဉ် သွားရောက် ပို့ဆက်ရသည်။ ထိုသို့သွားရောက်ဖန် များသော်၊ ရှင်ရဲထွန်းနှင့် အမတော်သခင်ကြီးတို့ ချစ်ကြိုက်ကြ၍၊ သခင်ကြီးတွင် ပဋိသန္ဓေ တည်လေ၏။ ထိုအကြောင်းကို ခမည်းတော် မင်းကြီးသို့ သိလေလျှင်၊ ရှင်ရဲထွန်းကို ကွပ်မျက်ရန် အမိန့်ပေးလေ၏။ သို့သော် ရှင်ရဲထွန်းမှာ ဇာတာတော် အလွန်ကောင်းသူဖြစ်သဖြင့်၊ နောင်သောအခါတွင် ကြီးကျယ်မြင့်မြတ်သောဘုရင်တပါး ဖြစ်နိုင်သည်ကို မင်းကြီးသို့ကိုယ်တိုင် သိလေရကား၊ သေဒဏ်မှ ချမ်းသာ ပေးတော် မူလိုက်သည်။

## ကျော်ထင်နော်ရထာဘွဲ့။

ဘုရင့်နောင်ကျော်ထင် နော်ရထာဘွဲ့ခံ ရှင်ရဲထွန်းကား၊ တပင်ရွှေထီးမင်း လက်ထက်တွင် ဘုရင်၏ လက်ရုံးတဆူ အားကိုးရသော သူရဲကောင်း ဖြစ်သည်။ မည်သည့်ကိစ္စမဆို၊ ဘုရင့်နောင်နှင့်သာတိုင်ပင်၍ လုပ်ကိုင် ဆောင်ရွက်သဖြင့်၊ အရေးတော် ပြီးငြိမ်းသည်သာ များလေသည်။ တပင်ရွှေထီးမင်း နတ်ရွာမစံမီအချိန်က၊ တပင်ရွှေထီးမင်း မူးယစ်သောက်စား၍၊ တိုင်းရေး ပြည်ရေး ကိစ္စများကို မေ့လျော့နေစဉ်၊ မှူးမတ်တို့က တိုင်းပြည် ထီးနန်းကို ပေးအပ် ကြ



သော်လည်း လက်မခံဘဲ ဘုရင့်အပါးတော်၌ ကပ်၍၊ အသက်ဘေး အန္တရာယ်ကို ကာကွယ် စောင့်ရှောက် နေခဲ့ပေသည်။

## မင်းအဖြစ်ကိုရရှိခြင်း။

အပင်ရွှေထီးမင်း နတ်ရွာစံလွန်သော အခါ၊ ဘုရင့်နောင်သည်၊ ချက်ခြင်း ထီးနန်း စည်းစိမ်ကို မသိမ်းဒုက်ရသေး။ ဒလဘက်သို့ထွက်၍ သူပုန်ရန်များကို နှိမ်နင်းနေဆဲဖြစ်သည်။ သို့သော် နဂိုရ်ကတည်းက၊ ရဲစွမ်းသတ္တိရှိ၍၊ အမြော်အမြင် ဉာဏ်နှင့် ပြည့်စုံသူ ဖြစ်ခြင်းကြောင့်၊ နေရင်းဒေသဖြစ်သော တောင်ငူထီးနန်းကို စတင်သိမ်းပိုက်တော်မူသည်။ ထို့နောက်ပြည်၊ ဟံသာဝတီစသော မြို့ကြီးများကို ဆက်လက် သိမ်းယူ၍၊ ဟံသာဝတီတွင် ရာဇာဘိသေက ခံတော်မူသည်။

## နိုင်ငံတော်တည်ထောင်ခြင်း။

မင်းတရားကြီးသည်၊ မြန်မာနိုင်ငံကြီးကို စည်းလုံးညီညွတ်စွာ တည်ထောင်လိုသောဆန္ဒရှိခဲ့သဖြင့်၊ အင်းဝ၊ မြေဒူး၊ ဒီပဲယင်း၊ စည်ပုတ္တရာစသော အထက်မြန်မာနိုင်ငံ မြို့များနှင့်အုံးဘောင်။ မိုးမိတ်။ မိုးကောင်း။ ရိုးညွှင်း။ ညောင်ရွှေစသော ရှမ်းမြို့များကို သိမ်းယူတော်မူသည်။ ထိုသို့နိုင်ငံတော် စည်းရုံးမှုကို ဆောင်ရွက်နေစဉ်၊ ယိုးဒယားပြည်နှင့် စစ်ဖြစ်ရန်ဖန်တီးလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com






ဘုရင့်နောင် — နိုင်ငံတော်ကြီး



## ယိုးဒယားမြန်မာစစ်ပွဲများ။

မင်းတရားကြီး လက်ထက်တွင်၊ ယိုးဒယားနှင့် မြန်မာတို့ နှစ်ကြိမ် တိုင်တိုင် စစ်မက် ဖြစ်ပွား ရသည်။ နှစ်ကြိမ်စလုံးပင်၊ ကြီးကျယ်စွာ တိုက်ခိုက်ကြရ၍၊ မြန်မာတို့ဘက်မှအောင်ပွဲရခဲ့ပေသည်။

## ပြည်သူ့အကျိုးဆောင်လုပ်ငန်းများ။

မင်းတရားကြီးသည် စစ်မက် ရေးရာတွင်၊ ကျွမ်းကျင်ပါးနပ်၍၊ အမြော်အမြင်ဉာဏ်ရှိသည်။ လူရည်လူသွေးကိုအကဲခတ်တတ်၍၊ သင့်လျော်သော ရာထူးဌာနန္တရ များဖြင့် ချီးမြှင့် မြှောက်စား တတ်သည်။ သာသနာတော် ကိုလည်း ကြည်ညို လေးစား၍၊ သာသနာတော် မရောက်သေးသော ရှမ်းပြည် မြို့ရွာများသို့ ဗုဒ္ဓသာသနာတော်ပြုစုရန်၊ ရဟန်းတော်များကိုပို့လွှတ်တော်မူသည်။ နိုင်ငံတော် အတွင်း အရက်သေစာ သောက်စားမှုကိုလည်း လုံးဝ ပိတ်ပင် တားမြစ်တော် မူသည်။ မင်းတရားကြီးသည်၊ စေတီပုထိုး မြောက်များစွာ ကိုလည်း တည်လုပ်ခဲ့ရာ၊ ပဲခူးမြို့ရှိ မဟာစေတီကြီး မှာ၊ ယနေ့ထက် တိုင် ထင်ရှားလျက် ရှိပေသည်။

## နှတ်ရွာစံခြင်း။

မင်းတရားကြီးသည်၊အများပြည်သူ၏အကျိုးကို ဆောင်ရွက်နေစဉ်၊နန်းစံ ၃၁ နှစ်တွင်၊နတ်ရွာစံလွန်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၂၁) စည်သူကျော်ထင်၏ နှလုံးရည်။



စည်သူကျော်ထင် ဘုရား ဝတ်ပြုနေစဉ်မိန်းမတယောက်ရွှေအိုးလာဆက်ပုံ။

မြန်မာသက္ကရာဇ် ၉၀၇ ခုနှစ်၌ အင်းဝတွင် ရှမ်းလူမျိုး မိုးဗြဲနရပတိ အုပ်စိုးလျက်ရှိစဉ်၊ မြန်မာလူမျိုး စည်သူကျော်ထင်သည်လည်း၊ စစ်ကိုင်းမြို့၌ အုပ်စိုးလျက်ရှိ၏။ ထိုစည်သူကျော်ထင်အား၊ မိုးညှင်းမင်းတရားစလုံက၊ ဆင်မြင်းစစ်သည်ပေး၍၊ အင်းဝကိုရရန် ကူညီလျက်ရှိ၏။

### စိတ်သဘောထား မြင့်မြတ်ခြင်း

စည်သူကျော်ထင်နှင့်၊ မိုးဗြဲနရပတိတို့မှာ၊ တဦးနှင့် တဦးမသင့်မြတ်ကြ။ မကြာခဏ စစ်ဆင်တိုက်ခိုက်လေ့ ရှိကြ၏။ တခါသော်၊ မိုးဗြဲနရပတိက ဇေယျဝတီမြစ်ကို ဖြတ်ကူး



၍၊ စစ်ကိုင်းဘက်သို့ တိုက်လာသည်ကို စည်သူကျော်ထင် သိလျှင်ကောင်းစွာ ဆီးကြိုခုခံ၍၊ မိမိ၏စစ်ဗိုလ်စစ်သားများကိုလည်း ဤသို့မိန့်မှာတော်မူ၏။

စစ်မက်ဖြစ်ပွါးရာ၌၊ စစ်သည်တော်တို့သည် မိမိတို့နှင့်နီးစပ်သော အရှင်များထံ၌ အမှုတော် ထမ်းကြရသည်။ ထိုသူတို့သည် နီးစပ်ရာအရှင်များ၏ ခိုင်းစေချက်အတိုင်း ဆောင်ရွက် လုပ်ကိုင်ရသဖြင့်၊ အပြစ်မရှိချေ။ ရန်သူဘက်မှ သုံ့ပန်းများကို ဘမ်းဆီးမိလျှင်၊ သေအောင် နှိပ်စက်ညှဉ်းပန်းခြင်း မပြုလုပ်ပါနှင့်။ ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ကြပါဟု မှာကြားတော်မူသည်။ ထိုမှာကြားချက်အတိုင်းလည်း လိုက်နာဆောင်ရွက်ကြပေသည်။

### တည်ကြည်ဖြောင့်မှန်တော်မူခြင်း။

တနေ့သော် စစ်ကိုင်းဘက်မှ အမျိုးသမီးငယ်တယောက်သည်၊ ယက်ကန်းစင်တွင်းတူးရာ၌၊ ရွှေငါးပိဿာ ပါသော စဉ့်အိုးတလုံးကို ရသည်နှင့် စည်သူကျော်ထင်အား ဆက်သရန်ယူလာ၏။

စည်သူကျော်ထင်ကား၊ ဥဒေါင်းမင်း ပရိတ်တော် ဖြစ်သော "ဥဒေတယံ" ဂါထာကိုနံနက်တထောင် "အပေတယံ" ဂါထာကို ညဉ့်တထောင်၊ ရွတ်ဖတ်သရဇ္ဈာယ်လေ့ ရှိသည်။ ဤအမျိုးသမီးငယ် ဆက်လာခိုက်တွင်၊ ဥဒေတယံ ဂါထာကိုရွတ်နေဆဲ ဖြစ်သောကြောင့်၊ မှူးမတ်က မလျှောက်ပံ့ဘဲနေကြရသည်။ အတန်ကြာမှ ဝန်ကြီးတို့က မိန်းမငယ်စောင့်ရသည်မှာ ကြာလှပြီ။ စောင့်မနေနှင့်တော့၊ ရွှေတက်ကို

www.burmeseclassic.com

www.burmeseclassic.com

ယူ၍၊ တဝက်ကို မင်းဘဏ္ဍာအဖြစ် ထားခဲ့လေဟု ဆိုလေလျှင်၊ မိန်းမငယ်လည်း၊ ဝမ်းမြောက်စွာ ယူ၍ ထွက်သွားလေ၏။

မင်းကြီးဂါထာ ရွတ်ပြီးသောအခါ၊ မှူးမတ်တို့က အကြောင်းစုံကို တင်လျှောက်၍ ရွှေကိုဆက်သလေ၏။ မင်းကြီးကား၊ တရားစောင့်သူဖြစ်ခြင်းကြောင့်၊ သူ့ဥစ္စာသူ့ကံကြောင့်ရသည်ကို မသိမ်းယူကြပါနှင့်၊ အလုံးစုံကို ပြန်ပေးလိုက်ပါဟု မိန့်ကြားတော်မူသည်။

ဤကဲ့သို့မှန်မြတ်သောနှစ်လုံးရည်နှင့် ပြည့်စုံသော စည်သူကျော်ထင်အား၊ မှူးမတ်ပြည်သူ-ရှင်လူရဟန်း တို့က ချစ်ခင်လေးစားကြကုန်သည်။

## လေ့ကျင့်ခန်း (၅)

၁။ လက္ခဏ်းအိမ်၏ သစ္စာတရား ကြီးမားပုံကို ရှင်းလင်းဖော်ပြပါ။

၂။ ပင်းယစကြိုသူမြတ်နှင့်၊ ရာဇာဓိရာဇ်တို့ အပြန်အလှန်ဆွေးနွေးကြပုံကိုရေးပြပါ။

၃။ အချင်ရဲထွန်းသည် ဘုရင့်နောင် ကျော်ထင် နော်ရထာဟူသောဘွဲ့ကို မည်ကဲ့သို့ ရရှိလာသနည်း။

၄။ ဘုရင့်နောင် မင်းတရားကြီး ဆောင်ရွက် ခဲ့သော အများအကျိုးဆောင် လုပ်ငန်းများကို ဖော်ပြပါ။

၅။ စည်သူကျော်ထင်၏ နှစ်လုံးရည် ရှိပုံကို အကျဉ်းချုပ်ရေးပါ။



## (၂၂) ဘုရင်မ ရှင်စောပု။



ရှင်စောပု ဆွမ်းအုပ် ဆက်ကပ်နေပုံ။

မြန်မာနိုင်ငံ သမိုင်းတွင်။ အမျိုးသမီးထဲမှ တဦးတည်းသော ဘုရင်ကြီး ပြည့်ကြီး ရှင်ဘုရင်မဖြစ်လာသူ ကား။ ရှင်စောပုဖြစ်သည်

ရှင်စောပုသည် ပွန်ဘုရင် ရာဇာဓိရာဇ်၏ သမီးတော်ဖြစ် ၁၃၉၃ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။

အသက် ၁၀ နှစ်ရောက်သောအခါ ခမည်းတော်ရာဇာဓိရာဇ်က။ တူတော် သမိန်စည်သူနှင့် ပုံအပ်၍ ပေးရာ၊ "ဗညားပရူ နဲ့တကာသော်။ နဲ့တာဘာသင်" ဟူသော သားသမီး၃ ယောက်ကိုရ၍၊ အသက် ၂၅ နှစ် အရွယ်တွင်။ သမိန်စည်သူ အနိစ္စရောက်သဖြင့် မုဆိုးမဖြစ်ရလေသည်။

### အင်းဝသို့ရောက်ခြင်း။

ရှင်စောပုသည်၊ သမိန်စည်သူ အနိစ္စရောက်လျှင်။ မောင်တော်ဒဂုံစား ဗညား၏ ထံတွင် နေရ၏။ အသက် ၂၈ နှစ် အရွယ်တွင်။ အင်းဝမှ ဘုရင်မင်းခေါင်၏သားတော်။ ဆင်ဖြူရှင် သီဟသူက စေလွှတ်လိုက်သော။ မြန်မာတပ်တော်တို့ ချီတက်လာ၍။ ဒဂုံမြို့ကိုဝိုင်းဝန်းတိုက်ခိုက်ရာ၊ ဗညားရံ့အရှုံးခံ


www.burmeseclassic.com

 www.burmeseclassic.com

ဝန့်သဖြင့်။ နှမတော် ရှင်စောပုကိုဆက်သလိုက်သောကြောင့် ရှင်စောပု အင်းဝသို့ ရောက်ရလေသည်။

### ဟံသာဝတီသို့ပြန်ပြေးလာရခြင်း။

အင်းဝတွင် ဆင်ဖြူရှင် သီဟသူ၌။ မိဖုရားခေါင်ကြီး စောမင်းလှနှင့် ရှင်ဘို့မယ်တို့ ရှိကြသော်လည်း။ မွန်မင်းသမီး ရှင်စောပုကို မိမိ၌ မြတ်နိုးသဖြင့် မြန်မာ မိဖုရား တို့က မကြေနပ်ကြချေ။

အင်းဝ ထီးနန်းတွင် ဆင်ဖြူရှင် သီဟသူ နတ်ရွာ စံပြီးနောက်။ "မင်းလှငယ်၊ ကလေးကျေးတောင်ညို၊ မိုးညှင်းမင်းတရား" တို့ ဆက်လက်၍ အစဉ်အဆက်နန်းတက်၏။ မိုးညှင်းမင်းတရား လက်ထက် သက္ကရာဇ် ၇၉၁ ခုနှစ်တွင် ရှင်စောပုကို ဘုရင်က မမြတ်နိုးဟု အထင်ရှိသည်နှင့်။ အင်းဝမှနေ၍ မွန်ပုရောဟန်း ဓမ္မဓရနှင့် ဓမ္မညာဏတို့ကို အကူအညီ တောင်းကာ ဟံသာဝတီသို့ လှေနှင့် တိတ်တဆိတ် စုန်ဆင်းထွက်ပြေးလာသည်။

### ဘုရင်မကြီးဖြစ်လာခြင်း။

ဟံသာဝတီတွင် လိပ် မွတ်တောမင်း နတ်ရွာ စံပြီးနောက်၊ ထီးမွေ နန်းမွေ ဆက်ခံမည့်သူများကို ရှာဖွေသောအခါ။ အရည်အချင်းနှင့်ပြည့်စုံသူမရှိသဖြင့်။ ရှင်စောပုကို မင်းမြောက် လိုက်ကြသောကြောင့်။ ၈၁၄ ခုနှစ်။ သက်တော် ၅၉-နှစ်တွင် ဘုရင်မကြီးဖြစ်လာလေ၏။

ထိုသို့ ဘုရင်မကြီး ဖြစ် လာ သော အခါ။ အင်းဝမြို့မှ ထွက် ပြေး စဉ်က။ ကူညီခဲ့ဘူးသော ဓမ္မဓရနှင့် ဓမ္မညာဏ ရဟန်း နှစ်ပါးအနက်။ တပါးကို အိမ်ရှေ့ ပေးလိုသဖြင့်မည်



သူသည် ထီးနန်းနှင့် ထိုက်တန် သနည်းဟု စုံစမ်းလို၍ မင်းမြောက်တန်ဆာ ငါးပါးထည့်ထားသော ဆွမ်းအုပ်နှစ်ခုကို ပြင်ဆင်ထားပြီးလျှင်။ ဆွမ်းကပ်စေသည်။ မင်းမြောက်တန်ဆာ ငါးပါးထည့်ထားသောဆွမ်းအုပ်ကို ဓမ္မဓရရဟန်းရသဖြင့်။ ထိုရဟန်းကို လူဝတ်လဲစေပြီးလျှင်သမီးတော်နှစ်ပါးနှင့် ထိမ်းမြားပေး၍ ဓမ္မစေတီ ဘွဲ့ဖြင့် အိမ်ရှေ့အရာ အပ်နှင်းတော်မူသည်။

### ရှင်စောပုမြို့။

ဘုရင်မကြီး ရှင်စောပုကား။ အသိအလိမ္မာဉာဏ်ပညာနှင့် ပြည့်စုံ၍ တိုင်းသူပြည်သားတို့ကိုလည်း။ တရားနှင့်အညီ အုပ်စိုး၏။ တိုင်းသူပြည်သား တို့ကလည်း။ ဘုရင်မကြီးကို ချစ်ခင် ကြည်ညိုလေးစားကြ၏။ ထိုမင်း လက်ထက်တွင်။ တိုင်းပြည် အေးချမ်းသာယာ၏။

ဘုရင်မကြီးသည် တဖြည်းဖြည်း အသက်အရွယ် ကြီးရင့်လာပြီဖြစ်သဖြင့်။ ၈၂၀ ခုတွင်။ သားမက်တော် ဓမ္မစေတီကို ထီးနန်းစည်းစိမ် လွှဲအပ်ပေးခဲ့၍။ ရွှေတိဂုံ စေတီအနောက်ဘက်တွင် သင်တပဲ တည်ကာ။ ကုသိုလ်ကောင်းမှုကို အားထုတ်တော်မူသည်။ ထိုသင်တပဲမြို့ကို ရှင်စောပုမြို့ဟုခေါ်၏။ ထိုမြို့တွင် ၈၃၂-ခုနှစ်၌ ဘုရင်မကြီး နတ်ရွာစံတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၂၃) နတ်သျှင်နောင်။


နတ်သျှင်နောင် ကဗျာရေးနေပုံ။

တောင်ငူဘုရင် နတ်သျှင်နောင် သည်။ ရတု ကဗျာများကို ရေးသား စီကုံး ရာ၌။ သူမတူအောင် ထူးခြားကောင်းမွန်လှသဖြင့်။ မြန်မာနိုင်ငံ သမိုင်းတွင် ထင်ရှားခဲ့ပေသည်။

## ငယ်စဉ်ဘဝ။

နတ်သျှင်နောင်၏ဖခင်ကား။ ၉၄၉-ခုနှစ်တွင်။တောင်ငူ ခရိုင်နယ်ကို သိမ်းပိုက်အုပ်စိုးတော်မူသော၊ မဟာဓမ္မရာဇာ ဘုရင်၏၊ မင်းရဲသီဟသူဖြစ်သည်။ နတ်သျှင်နောင်ကို ၉၄၀-ခုနှစ်တွင် ဖွါးမြင်ခဲ့သည်။

နတ်သျှင်နောင် ငယ်စဉ်က တောင်ငူမြို့တွင်သာ ကြီးပြင်းခဲ့ရသည်။ ဟံသာဝတီ နေပြည်တော်သို့ကား။တခါတရံ မှ ရောက်သွားခဲ့သည့် ငယ်စဉ်ကတည်းက။ ကဗျာသက်သာ စီကုံးရေးစပ်မှုနှင့် စစ်ဆင် စစ်တက်ကို ဝါသနာပါခဲ့သည်။

## ဓါတုကလျာ။

နတ်သျှင်နောင်သည်။ ချစ်ရည်ချောမောလှပ၍။ဆန်းသစ် နှယဉ်သောကဗျာများကို ရေးသား စပ်ဆိုနိုင်သောကြောင့်



ဘုရင့်နောင်မင်းတရားကြီး၏သမီးတော် ရာဇာ ဓါတုကလျာ နှင့် အရွယ်ရောက်ကတည်းက ချစ်ကြိုး သွယ်မိကြသည်။ နတ်သျှင်နောင် ခမည်းတော်နှင့် ဓါတုကလျာတို့မှာ မောင်နှမ တော်စပ်ကြသဖြင့်။ နတ်သျှင်နောင်နှင့် ဓါတုကလျာ တို့မှာလည်း ဘဝရီးတော်စပ်ကြသည်။ သို့သော်-ရာဇဓါတု ကလျာနှင့် နတ်သျှင်နောင်တို့မှာ။ ချောချောမောမော မသင့် မြတ်ကြချေ။ ဓါတုကလျာကို ဟံသာဝတီ နန္ဒဘုရင်၏ သား အိမ်ရှေ့မင်း—မင်းကြီးစွာက သိမ်းပိုက်ပြီးမှ ၉၅၇—ခုနှစ် တွင် ဖြစ်ပွါးသော။ ယိုးဒယားမြန်မာ စစ်ပွဲတွင် အိမ်ရှေ့မင်း မင်းကြီးစွာ ကျဆုံးသောအခါ။ နတ်သျှင်နောင်နှင့် ဓါတု ကလျာတို့မှာ။ တွေ့ဆုံ သင့်မြတ်သွားကြလေသည်။

## သံလျှင်ရောက်ခြင်း။

တောင်ငူဘုရင် မင်းရဲသီဟသူ နတ်ရွာ စံသော အခါ။ သားတော် နတ်သျှင်နောင် ဆက်လက် စိုးစံလေသည်။ ထို အချိန်တွင်။ ဘုရင့်နောင် တည်ထောင်ထားခဲ့သော ဒုတိယ မြန်မာနိုင်ငံတော်ကြီးသည်။ဝါးအစည်းပြေသကဲ့သို့ ပြိုပျက် စပြုနေပေပြီ၊ သို့သော်။ အင်းဝတွင်ကား။ တဖြည်းဖြည်း အင်အား တောင့်တင်း လာသဖြင့်။ မြန်မာနိုင်ငံကြီးကို ပြန် လည် စည်းရုံးမိရန် ကြိုးစားလျက်ရှိပေသည်။

ထိုအချိန်နှင့် တပြိုင်တည်းတွင်။ အနောက်နိုင်ငံသား ပေါ်တူဂီလူမျိုး ငဇင်ကာသည်။ သံလျှင်တွင် အခြေစိုက်လျက် နေပြီဖြစ်သဖြင့်။ မုတ္တမမြို့စား ဗညားဒလနှင့် ပူးပေါင်းပြီး လျှင်။ တောင်ငူကို တိုက်ခိုက်သိမ်းယူလေသည်။နတ်သျှင်

www.burmeseclassic.com

www.burmeseclassic.com



နောင်ကိုလည်း၊ သံလျင်သို့ ဘမ်းဆီး ခေါ်ဆောင် သွား တော့သည်။



ဇေကော်ကို ဘမ်းဆီး၍ စစ်ဆေးနေပုံ။
နတ်ရှင်နောင်နှင့်ဇေကော်။

တောင်ငူကို ဇေကော်သိမ်းပိုက်၍၊ နတ်ရှင်နောင်အား သံလျင်သို့ ဖမ်းဆီးခေါ် ဆောင်သွားကြောင်းကို အင်းဝမြို့မှ အနောက်ဘက် လွန်မင်းတရားကြီးကြားသိလျှင် အမျက်မီး ဟုန်းဟုန်းတောက်၍ ကုန်းတပ် ရေတပ်ကြီး များကို ဖွဲ့ စည်းကာ သံလျင်သို့ ချီတက်တော်မူသည်။ ဇေကော်ကလည်း ရင်း၏ ဘက်တော်သား ပေါ်တူဂီစစ်သားများနှင့် မြန်မာ စစ်တပ်များကို အပြင်းအထန် ချလေသည်။ နောက်ဆုံး



တွင် သံလျင်မြို့ပေါက်၍ ဇေကော်ကို လက်ရ ဘမ်းဆီးမိ သဖြင့်မြို့လယ်တွင် တံကျင်လျှို၍ သတ်လိုက်လေသည်။

နတ်ရှင်နောင်ကိုကား၊ ဇေကော်ကိုစစ်မေးစဉ်က နတ်ရှင်နောင်ကချီပင့်၍ တောင်ငူကို တိုက်ရပါသည်ဟု ထိမ် လည်ထွက်ဆိုသဖြင့်၊ အပုတ်ထင်မှတ်၍ ကြံရာပါတဦးဟု ယူဆကာ၊ ကွပ်မျက်လိုက်လေသည်။

ကဗျာ့စွမ်းရည်။

နတ်ရှင်နောင်သည်၊ ရတုကဗျာ ရေးသားရာ၌ နူးညံ့ သိမ်မွေ့သော အဖွဲ့အနွဲ့များနှင့် စကားလုံး ကြွယ်ဝစွာ စပ်ဆိုနိုင်သဖြင့် ပညာရှိ အများက နှစ်သက် မြတ်နိုး ကြ ကုန်သည်။နတ်ရှင်နောင်၏ရတုများမှာ၊ သူ၏ချစ်သူ ရာဇ ဓါတုကလျာမင်းသမီးကို ရည်ရွယ်၍ စိတ်ပါလက်ပါ ဖွဲ့ဆို ထားသောကြောင့် အထူး ပြောင်မြောက် ကောင်းမွန် လှ ခြင်း ဖြစ်ပေသည်။


ဤလောကတွင်၊ မိတ်ဆွေ ကောင်းကို ရွေးချယ် ပေါင်းသင်းတတ်ဖို့ အရေးကြီးသည်။ မိမိမည်မျှ ပင်ကောင်းသော်လည်း၊ မကောင်းသော မိတ်ဆွေကို ပေါင်းမိက၊ ပျက်စီးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# (၂၄) ကရင်ပါးစည်။



ကရင်ပါးစည်ကိုတီးနေပုံ။

ကရင်လူမျိုးတို့သည် ပါးစည်ကို အမြတ်တနိုး ထား၍နှစ်စဉ်ပွဲလမ်းသဘင်ကြီးကျယ်စွာ ကျင်းပပြီးလျှင် ပူဇော်ကြသည်။ ထိုပါးစည်ကို ကရင်လူမျိုးတို့ ရရှိပုံမှာ အလွန်ထူးဆန်းလှပေသည်။





ဖိုးမော်ထော်-မျောက်များကို မောင်းနှင်နေပုံ။

## ဖိုးမော်ထော်။

အလွန်ရှေးကျသော ခေတ်ဆီက၊ ကရင် ခေါင်းဆောင်ကြီးဖိုးမော်ထော် ဆိုသူသည်၊ လယ်ယာ လုပ်ကိုင်၍ စားသောက်လျက်ရှိ၏။ သူ၏လယ်ကို မျောက်တို့ ဝင်ရောက်၍ ကောက်လှိုင်းစပါးများ ခိုးယူ စားသောက် လွန်း သဖြင့် မည်သို့မျှ မလုပ်တတ်ဘဲ၊ စိတ်ညစ် အားလျှော့ နေလေ၏။ တနေ့တွင် အကြံတခုရသဖြင့် လယ်ကွင်းအနီးရှိ သစ်ပင်အောက်၌ သေချင်ဟန်ဆောင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ စည်သုံးလုံး။

ထိုသို့ခေါင်းဆောင်ကြီးဖူးမော်ထော် သေချပ်ဟန်ဆောင်နေသည်ကို မျောက်တို့မြင်လေသော်၊ တကယ်သေပြီထင်မှတ်၍၊ "သူ့စပါးကို ငါတို့ခိုးယူ၍သာ ဤကရင်ကြီး သေဆုံးရသည်။ ငါတို့ကောင်းစွာ သင်္ဂြိုဟ်သင့်သည်" ဟု ဆိုယောင်ကာ၊ မသာ အခမ်းအနားအတွက် မိမိတို့၏ စည်သုံးလုံးကိုယူဆောင်၍ အနားမှဝိုင်းဝန်း တီးခတ်ကြလေ၏။

ထိုသို့တီးခတ်နေစဉ်၊ သေချင်ဟန်ဆောင်နေသော ဖူးမော်ထော်သည်။ နေရာမှယုတ်တရက်ထလိုက်ရာ။မျောက်တို့သည်။ အံ့အားသင့်ကြောက်လန့်၍ စည်သုံးလုံးကို ပြစ်သွားခဲ့ပြီးလျှင် ထွက်ပြေးကြလေ၏။

## ပွဲသမ်းသဘင်စိန္တပူဇော်ခြင်း။

ဖူးမော်ထော်သည်။ မျောက်တို့ ပစ်ထားခဲ့သော စည်သုံးလုံးတို့ကို ယူဆောင်၍၊ အိမ်သို့ပြန်လာခဲ့လေ၏။ ထိုစည်သုံးလုံးသည်။ တလုံးမှာရွှေ၊ တလုံးမှာငွေ၊ တလုံးမှာ အဖြူရောင်ဖြစ်ရာ။ အဖြူရောင်စည်သည်။ ရေအိုင်တခုထဲသို့ကျသွား၍၊ ပျောက်ဆုံးသွားလေ၏။ ကျန်သော ရွှေစည်နှင့် ငွေစည်နှစ်လုံးကို ကရင်လူမျိုးတို့က နှင်းသက် မြတ်နိုးကြသောကြောင့်၊ နှစ်စဉ် နှစ်တိုင်း ပွဲလမ်းသဘင် ကြီးကျယ်စွာခံ၍၊ ပူဇော် အရိုအသေပြုကြကုန်၏။

ထိုစည်များ၏ စည်မျက်နှာ နှုတ်ခမ်းတွင်ဖါးရုပ်ကလေးများ ပါရှိသဖြင့်၊ ဖါးစည်ဟု မြန်မာတို့က ခေါ် ကြသည်။

www.burmeseclassic.com



## ဂေါ်ကွာထူး—ဂေါ်ကွာစေး။

တခါသော်၊ မွန်ကရင်တို့သည်။ နှစ်စဉ် ထိုစည်များရှိရာသို့ သွားရသည်ကို ငြီးငွေ့လာသည်နှင့်၊ စည်နှစ်လုံးစလုံးကို မိမိတို့ရပ်ရွာသို့ ယူဆောင်လာခဲ့လေ၏၊ ထိုစည်နှစ်လုံးကို "ဂေါ် ကွာထူး၊ ဂေါ်ကွာစေး" ဟူ၍၊ ကရင်ဘာသာဖြင့် ခေါ်လေသည်။ မွန်ကရင်တို့သည်။ ထိုစည်နှစ်လုံးကို သထုံနယ်၊ ဒုံးရင်းရွာအနီးရှိ၊ ဂူတခု အတွင်း၌ သိမ်းဆည်းထားသည်ဟု အယူရှိကြလေသည်။

ထိုစည်တို့ကို တီးခတ်သော လက်ခတ်တို့မှာ၊ ဖါပွန်နယ်၊ လှူးသော် ကိုရွာရှိ၊ မြန်မာကရင်တို့၏လက်တွင် ကျန်ရစ်ခဲ့ကြသည်။

ထိုကြောင့် မြန်မာကရင်တို့သည်။ နှစ်စဉ်ပွဲတော် ချိန်ကျသောအခါ၌ မွန်ကရင်တို့ထံလာရောက်၍ ထိုဖါးစည်များကို ပြန်၍ပေးအပ်ရန် တောင်းဆိုလေ့ ရှိကြသည်၊ သို့သော် မရရှာကြပေ။

နိုးရာယဉ်ကျေးမှုက ထိန်းသိမ်းတတ်ခြင်းသည်၊
လွတ်လပ်သော လူမျိုးတို့၏ ဂုဏ်အင်္ဂါ
တရပ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# (၂၅) ပဒေသရာဇာ။



မြန်မာနိုင်ငံသမိုင်းတွင်။ စာပေအနုပညာဘက်၌။ ထူးချွန်သော ကြောင့်။ သမိုင်းဝင်မှတ်တမ်းတင်ထားခြင်းခံရသော ပုဂ္ဂိုလ်တို့မှာ အမြောက်အမြား ရှိခဲ့ပေသည်။ သို့သော် လူတရာလျှင် ကိုးဆယ် မျှလောက်သော ထိုပုဂ္ဂိုလ်တို့မှာ။ လူများရ ဆင်းရဲသားများအကြောင်းကိုမရေးဘဲ လူနည်းစု မင်းစိုးရာဇာများ အကြောင်းကိုသာ အရေးပေး၍ ရေးသားခဲ့သဖြင့်။ ထင်ရှား ကျော်စော ခဲ့ခြင်း ဖြစ်ပေသည်။

ယခုရေးသားတော့မည့်သော ပဒေသ ရာဇာကား။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးထဲက မဟုတ်ချေ။ မင်းစိုး ရာဇာ အထက်တန်း စားများ ကောင်းစား နေသော ခေတ်ထဲမှ။ ဆင်းရဲသား အလုပ်သမားနှင့် လယ်သမားများ၏ ဘဝကို စိတ်ပါဝင်စားစွာ ထုတ်ဖော် ရေးဝန့်သော ပညာရှိ စာဆိုတော်ကြီးဖြစ်ပေသည်။

## ငယ်စဉ်ဘဝ။

ဝန်ကြီး ပဒေသရာဇာသည်။ ငယ်စဉ်က မည်ကဲ့သို့နေထိုင်ခဲ့ရသည်။ မည်ကဲ့သို့ ပညာသင်ခဲ့ ရသည်တို့ကို အထောက်အထား မတွေ့ခဲ့ရချေ။ ရတနာပူရ အင်းဝမြို့တွင်။ ညောင်ရမ်းမင်း ဆယ်ဆက်တို့ အနက်။ ၈-ဆက်မြောက် ဖြစ်သော စနေမင်းလက်ထက်တွင် ရှုရေး ရှုကိုင် အဖြစ်ဖြင့်။ ကဗျာလင်္ကာများကို ရေးသား လေ့လာခဲ့သည်။

## ပဒေသရာဇာဘွဲ့။

သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင်။ နန်းတက်သော ဟံသာဝတီရောက် မင်းတရားကြီး လက်ထက် ရောက်သော အခါ၊ မင်းလှကျော်ထင်ဘွဲ့နှင့် အသည်ဝန်ကြီးခန့်တော်မူသည်။ ထိုသို့ ဝန်ကြီးရာထူးရသဖြင့်၊ သားတော်သမီးတော် ချင်းများကို ရေးသားစပ်ဆိုရာ၊ ဘုရင်မင်းမြတ် နှစ်သက်တော်မူ၍၊ နတ်သျှင်နောင်ဘွဲ့နှင့် ပဒေသရာဇာဘွဲ့များကို ပေးသနားတော်မူသည်။ ပဒေသရာဇာ၏ ဇနီးသည် နှစ်ယောက်ကိုလည်း ဒေဝီဘွဲ့ပေး၍ ချီးမြှောက်လိုက်သည်။

## သံလျှင်၌ကျွယ်လွန်ခြင်း၊

အင်းဝမြို့ကို မွန်လူမျိုးတို့ သိမ်းယူ၍ ဟံသာဝတီပါ မင်းကိုဘမ်းဆီးခေါ် ဆောင်သွားသောအခါ။ ဝန်ကြီးပဒေသရာဇာလည်း အပါးတော်မှ လိုက်ပါသွားလေသည်။ ဝန်ကြီးသည်အသက် (၇၀) ပြည့် တွင်။ သံလျှင်၌ ကွယ်လွန် အနိစ္စရောက်သွားသည်။

## ရေးသားပြုစုခဲ့သောစာပေများ။

ဝန်ကြီးပဒေသရာဇာသည်၊ ချောင်း-မြို့-နန်းတွင်းပြဇာတ် စသော စာပေများနှင့် လယ်သမား တန်းစက်သမား စသော သူဆင်းရဲများ၏ အကြောင်းကို ဖွဲ့ဆိုသော တျာချင်း သီးချင်းကြီး-သီချင်းခံများကို ရေးသားစပ်ဆိုခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com


# (၂၆) အလောင်းမင်းတရားကြီး။



•အလောင်းမင်းတရားကြီး မဟာနန္ဒာကန်တူးဖော်နေပုံ။

မြန်မာသက္ကရာဇ် ၁၁၀၀-ကျော်လောက်ဆီက။ အင်းအားချိနဲ့နေသော မြန်မာနိုင်ငံကြီးကို တစည်းတလုံးတည်း ဖြစ်အောင် တည်ထောင်ပေးသော မင်းကား။ အလောင်းမင်းတရားကြီး ဖြစ်သည်။

## ငယ်စဉ်ဘဝ။

အလောင်းမင်းတရားကြီးသည် မုဆိုးဖိုရွာသား ဖြစ်၏။ ငယ်မည်မှာ မောင်အောင်ဇေယျ ဖြစ်သည်။ သူငယ်စဉ်က တောရွာဓလေ့ ထုံးစံအတိုင်း၊ဘုန်းတော်ကြီးကျောင်းမှာပင် စာသင်ခဲ့ရသော်လည်း။စာပေ ဘက်တွင် ထူးချွန်မှုမရှိချေ။ သို့သော်၊ ကျောင်းသားများအား အရေးကိစ္စရှိတိုင်း ခေါင်းဆောင်၍ ကူညီပေးမပေး၏။ ထိုသို့ပေးမပေးသဖြင့် ကျောင်းသားများက သူ့အား ချစ်ခင်ကြည်ညိုကြ၏။

## အင်းဝပြည်ကြီးပျက်စီးခြင်း။


သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင်။ ဟံသာဝတီမှ မွန်လူမျိုးတို့သည်။အင်အားကြီးမားသော ကုန်းတပ်-ရေတပ်ဖြင့် ဆန်တက်လာ၍။ အင်းဝမြို့ကို တိုက်ခိုက် သိမ်းယူလေသည်။ ထိုသို့ဖြစ်မည်ဟု ကြိုတင်တွက်ထားသော မောင်အောင်ဇေယျတို့လူစုသည်၊ မုဆိုးဖိုကို ထန်းလုံးသစ်တပ် ကာရံ၍၊စားရေရိက္ခာနှင့် လက်နက် လူသူတို့ကို၊ သိမ်းဆည်း စုဆောင်းထားတော့သည်။

## မင်းအဖြစ်သို့။

အင်းဝမြို့ကို သိမ်းပိုက်ခဲ့သော မွန်စစ်သူကြီးတလပန်းသည်။ မုဆိုးဖိုရွာမှ မောင်အောင်ဇေယျတို့ လူစု အား၊ သစ္စာသောက်ခံရန် စစ်သည် တပ်သားများ စေလွှတ် သော်လည်းမရချေ။ လာသမျှသော မွန်စစ်သည်တို့အား ရဲရင့်စွာ ဆီးကြိုတိုက်ခိုက်ပိုက်ပြီးလျှင်။ ၁၁၁၄-ခုနှစ်၌ မင်းအဖြစ် ကိုခံယူတော်မူသည်။ ထိုနောက်အင်းဝမြို့ကို ပြန်လည်တိုက်ခိုက်ပြီးလျှင်။ သားတော် လတ်သတိုး မင်းစောအား။ အစောင့်အနေထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




– – – – – အလောင်းမင်းတရားကြီးလက်ထက်နယ်နိမိတ်

-·-·-·-·- ယခုနယ်နိမိတ်

**အလောင်းမင်းတရားနိုင်ငံကြီး**



## ဟံသာဝတီသို့ချီတက်ခြင်း။

မွန်မင်းညီတော် ဥပရာဇာနှင့် စစ်သူကြီး တလပန်းတို့သည်။ အင်းဝမြို့ကို ပြန်လည် သိမ်းပိုက်နိုင်ရန်။ ချီတက်တိုက်ခိုက် ကြသော်လည်း မအောင်မြင်ကြချေ။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကား။ အထက် မြန်မာနိုင်ငံတလွှားကို နေထားတကျဖြစ်အောင်။ စီမံခန့်ခွဲပြီးလျှင်။ မွန်တို့ နေပြည်တော် ဖြစ်သော ဟံသာဝတီသို့ ချီတက်တော်မူသည်။ ရှေးဦးစွာ ဒဂုံ-ဒလ-သံလျင်စသော မြို့ကြီး များကို သိမ်းပိုက်ပြီးမှ ဟံသာဝတီနေပြည်တော်ကို ဝန်းရံ လုပ်ကြံရာ။ ၁၁၁၈-ခုနှစ်တွင်။ အောင်မြင်စွာ သိမ်းပိုက် ရရှိသည်။

## နတ်ရွာစံခြင်း။

သက္ကရာဇ်၁၁၂၁ခုတွင်။အလောင်းမင်းတရားကြီး ကိုယ်တိုင် ရန်ကုန်သို့ စုံဆင်းလာ၍ ဒဂုံ ဆံတော်ရှင် (ရွှေတိဂုံ) ဘုရားကို **ရှုသိုလ်တော်** ပူဇော်နေစဉ်။ ထားဝယ် ဘက်သို့ ယိုးဒယားမင်း ကျေးကျွန်များ နှောက်ယှက် ထိပါးလာသဖြင့်။ ကိုယ်တော်တိုင် ယိုးဒယားသို့ ချီတက်တော်မူသည်။ ယိုးဒယားသို့ရောက်၍ မြို့တော်ကို ဝန်းရံတိုက်ခိုက်နေစဉ်။ ကျန်းမာတော်မမူသဖြင့် ပြန်လည်တပ်ဆုတ်လာခဲ့ရာ။ မုတ္တမ မြို့ကျေး ကင်းရွာစခန်းသို့ ရောက်လျှင် နတ်ရွာ စံလွန်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

### မင်းတရားကြီး၏အရည်အချင်း။

အလောင်းမင်းတရားကြီးသည်။ အရပ် ၅ ပေ၊ ၁၁ လက်မခန့် ရှိ၍ ကျန်းမာ သန်စွမ်းသော ရုပ်လက္ခဏာနှင့် ပြည့်စုံတော်မူသည်။ အရာရာတွင် ရဲရင့်တည်ကြည်၍ အမြော်အမြင် ရှိသောကြောင့်။ စစ်မှုရေးရာနှင့် တိုင်းပြည်အုပ်ချုပ်မှုတွင် လိမ္မာပါးနပ်စွာ စီမံခန့်ခွဲတတ်သည်။ နိုင်ငံခြားသားများနှင့်လည်း သင့်တင့်ညီညွတ်စွာ ပေါင်းသင်း ဆက်ဆံတတ်လေသည်။

## လေ့ကျင့်ခန်း (၆)

၁။ အင်းဝမြို့သို့ ရှင်စောပု မည်ကဲ့သို့ရောက်ရှိလာသနည်း။

၂။ ရှင်စောပုသည် အိမ်ရှေ့မင်း ရာထူး ပေးရာ၌။ မည်ကဲ့သို့ရွေးချယ်သနည်း။

၃။ နတ်သျှင်နောင်နှင့် ရာဇဓါတု ကလျာတို့သည်။ မည်သူများဖြစ်ကြသနည်း။

၄။ နတ်သျှင်နောင် ကွပ်မျက် ခံရခြင်း အကြောင်းရင်းကို ဖော်ပြပါ။

၅။ ကရင် ခေါင်းဆောင်ကြီး ဖူးမော်ထော်သည်၊ ဖါးစည်နှစ်လုံးကို မည်ကဲ့သို့ ရရှိသနည်း။

၆။ ဆင်းရဲသား လယ်သမားများ အကြောင်းကို။ စပ်ဆိုခဲ့သော မြန်မာစာဆိုတော်ကြီးကား မည်သူနည်း။

၇။ အလောင်းမင်း တရားကြီး၏ ငယ်စဉ်က နေထိုင်ခဲ့ရပုံ ရေးပါ။



## (၂၇) မင်းခေါင်နော်ရထာ။


မင်းခေါင်နော်ရထာပုံ။

တတိယမြန်မာနိုင်ငံကြီးကို စတင်တည်ထောင်လာခဲ့သောအလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည်။ သူ့ရဲကောင်းရဲဘော် ၆ ကျိပ်။ ၈ ယောက်ကို ရွေးချယ်ဖွဲ့စည်း၍၊ ရန်သူတော်တို့ကို တိုက်ခိုက်နှိမ်နင်းကာ၊ တည်ထောင်လာခဲ့ရသည်။ မင်းခေါင်နော်ရထာသည် ထိုရဲဘော် ၆ ကျိပ်။ ၈ ယောက် အနက်။ ထင်ရှားသော သူ့ရဲကောင်းတဦးဖြစ်သည်။

### ဗိုလ်မှူးဘစ။

မင်းခေါင် နော်ရထာသည်။ ဆိုးချုံ ရွာသား—ငယ်မည် မောင်ထွန်းဖြစ်သည်။ ငယ်မည်ကို အစွဲပြု၍၊ သူ၏ရဲဘက်များက ဗိုလ်ထွန်းဟု ခေါ်လေ့ရှိကြသည်။ ငယ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com

တည်းက၊ အလွန်သန်မာတောင့်တင်း၍ ခေါင်းချင်းခွဲ့ထိုး အခ မျိုးမှုးကျွမ်းကျင်သောကြောင့်၊ အလောင်းမင်းတရားကြီး၏ လက်ရုံးတဆူ အားကိုးတော်မူရသော သူရဲကောင်းကြီးဖြစ် သည်။ အလောင်းမင်းတရားကြီး၏ လက်အောက်တွင် တပ် မကြီးတခုကို အုပ်ချုပ်ရသော ဗိုလ်မှူးကြီးရာထူးဖြင့်၊ အမှု ထမ်းရသည်။

## ယိုးဒယားမှအပြန်။

သက္ကရာဇ် ၁၁၂၁ ခုတွင် အလောင်းမင်းတရားကြီး ကိုယ်တိုင် ကြီးမှူးအုပ်ချုပ်၍၊ ယိုးဒယားသို့ ကုန်းတပ်ရေ တပ်ကြီးများဖြင့် ချီတက်တော်မူသည်၊ ယိုးဒယားသို့ ရောက်၍ အယုဒ္ဓယမြို့တော်ကို ဝန်းရံတိုက်ခိုက်နေစဉ်၊ အ လောင်းမင်းတရားကြီးမကျန်းမာသဖြင့်၊ ပြန်လည် ဆုတ်ခွာ ခဲ့ရသည်။ မုတ္တမကျေး–ကင်းရွာ စခန်းသို့ရောက်လျှင်၊ အ လောင်းမင်းတရားကြီး နတ်ရွာစံတော်မူသည်။

အလောင်းမင်းတရားကြီး နတ်ရွာစံသောအခါ၊ ဒုတိယ သားတော် မြေဒူး မြို့စား သတိုးမင်းစောသည်၊ နောက်ဆုံး မှ လိုက်ပါလာသော မင်းခေါင်နော်ရထာ၏ တပ်အား မျိုး ရိက္ခာထောက်ပံ့ခြင်း မပြုရန်၊ စစ်တောင်းသူကြီးအား အ မိန့်ထုတ်ခဲ့လေ၏။ ထိုသို့မြေဒူး မြို့စား အကောက်ကြံသည် ကို မခံမရပ်နိုင်ဖြစ်သော မင်းခေါင် နော်ရထာသည်၊ မိမိ၏ သည်ခဲမတ်များနှင့် တောင်ငူလမ်းကြောင်းသို့ ပြောင်းလွဲ၍ ချီ တက်ကာ၊ အင်းဝမြို့ကို ကြိုတင်သိမ်းယူ၍ အခိုင်အမာနေ လေတော့၏။



## ဘုရင်၏စေတနာ။

အလောင်းမင်းတရားကြီး နတ်ရွာစံလျှင် စံခြင်း၊ ရွှေဘို မြို့ ထီးနန်းကို ဆက်ခံအုပ်စိုးသော နောင်တော်ကြီး မင်း သည်၊ မိမိခမည်းတော်နှင့် တိုင်းပြည်ထူထောင်ဘက် သူ ရဲကောင်းကြီးတဦးအား၊ မဆုံးရှုံးစေလိုသဖြင့်၊ မင်းခေါင် နော်ရထာနှင့် ရောင်းရင်းဘက် ဖြစ်သော ဗိုလ်မှူး မင်းလှ နော်ရထာအား စေလွှတ်၍၊ အေးဆေး ပြေပြစ်ရန် စေ့စပ် ပြောဆိုစေ၏၊ မင်းခေါင် နော်ရထာကား၊ ဘုရင်မင်းမြတ် က၊ အသာတကြည်စေလွှတ်ပြောဆိုသည်ကို အထင်မှား၍ "ယောက်ျားကောင်းတို့မည်သည်မှာ ကိုယ့်အသက်လုရေး အတွက်၊ ကြောက်ရွံ့စရာမရှိ၊ မြေဒူးမင်းသားနှင့် နောင် တော်ကြီးမင်းတို့မှာ ညီအစ်ကိုချင်း ဖြစ်သဖြင့်၊ ငါအဘယ် မျှပင် သစ္စာရှိသော်လည်း ဘုရင်မင်းမြတ်ကငါ့ကိုသက်ညှာ မည်မဟုတ်။ တသက်တခါ ဖြစ်လိုရာဖြစ်စေ။ ငါမလိုက် တော့ပြီ....." ပြောဆိုပြီးလျှင် မင်းလှနော်ရထာအား ပြန် လွှတ်လိုက်လေ၏။

## ကျည်သင့်၍ကျဆုံးခြင်း။

မင်းခေါင် နော်ရထာအား၊ အသာတကြည် ခေါ်ယူ၍မရ လျှင်၊ မင်းတရားကြီးကိုယ်တိုင် ကြည်းကြောင်း–ရေကြောင်း ဖြင့် ချီတက်၍၊ အင်းဝမြို့ကို ဝန်းရံတိုက်ခိုက်၏။ ငါးလ ၄ လခန့်ကြာသော်၊ မြို့တွင်းသားတို့စားရေရိက္ခာပြတ်လပ် ကြကုန်၏။ မင်းခေါင် နော်ရထာလည်း၊ အင်းဝမြို့တွင်းမှ

www.burmeseclassic.com

www.burmeseclassic.com






မင်းခေါင်နော်ရထာ ကျည်ဆံထိမှန်နေပုံ။

ဆက်လက်ခုခံလျှင် မဖြစ်နိုင်တော့ကြောင်းကို သိရှိသည်နှင့် ရုံးမိသမျှသော လူသူအလုံးအရင်းဖြင့်၊ အရံတပ်များကို ထိုးဖေါက်၍ ကျောက်ဆည်နယ်ဘက်သို့ ထွက်ခဲ့ကြလေ၏။ သို့သော်ဘုရင့်တပ်မတော်မှ သေနတ်ကိုင်အမှုထမ်းများက၊ နောက်မှ မျက်ခြေမပြတ်လိုက်လာ၍ချောင်းမြောင်းပစ်ခတ်သဖြင့်။ မင်းခေါင် နော်ရထာ၏ သီးစပ်ကို ထိမှန်ကာ ကျဆုံးသွားရလေသည်။

တဦးပေါ် တဦး၊ အထင်လွဲခြင်း အားဖြင့်။
တိုင်းပြည်၏ အဘိုးတန် သားကောင်း ရတနာများကို
ဆုံးရှုံး စေနိုင်သည်။



# (၂၈) တရုပ်မြန်မာစစ်ပွဲတွင်း နာမည်ရ လူစွမ်းကောင်းများ။



ကောင်းတုံမြို့တွင်းမှ ဗသမင်းသင် ခုခံနေပုံ။

အလောင်း မင်းတရားကြီး၏ ဒုတိယ သားတော် ဖြစ်သော၊ အင်းဝဆင်ဖြူရှင် လက်ထက် တွင်။ တရုပ်နှင့် မြန်မာတို့ လေးကြိမ်တိုင်တိုင် စစ်ဖြစ်ကြရာ၊ နောက်ဆုံးတွင် မြန်မာတို့ဘက်မှ အနိုင်ရလေသည်။ ထိုတရုပ်မြန်မာစစ်ပွဲကြီးတွင်။ မြန်မာတို့ဘက်မှ အကောင်းဆုံးသော စစ်ဗိုလ်စစ်သားများဖြင့် ဝင်ရောက် တိုက်ခိုက် သဖြင့်။ မိမိတို့ထက် လူအင်အား လက်နက် အင်အား ကြီးမားသော တရုပ်တို့အား အနိုင်ရမှိုလိုက်ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဗလမင်းထင်။

ဗလမင်းထင်သည်။ တရုပ်မြန်မာ စစ်ပွဲကြီး၌။ နာမည် ရခဲ့သော လူစွမ်းကောင်း ဖြစ်၏၊ သူသည် အထက်တန်း စား စစ်ဗိုလ်ကြီးတဦး မဟုတ်သော်လည်း။ တရုပ် မြန်မာ နယ်စပ်အနီးရှိ ကောင်းတုံမြို့ကလေးမှ အင်အား ကြီးမား သော တရုပ်တပ်ကြီးများကို နောက်မဆုတ်ဘဲ ကြံ့ကြံ့ခံ၍ တိုက်ခိုက်နိုင်သောကြောင့်။ ထင်ရှားလာခဲ့သူဖြစ်ပေသည်။

တရုပ်မြန်မာ စစ်ပွဲပြီးဆုံး ပြီးနောက်။ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုသောအခမ်းအနားတွင်။ တရုပ်ဗိုလ်မှူးများ က။ ကောင်းတုံမြို့တွင်းက ခုခံသူများကို အထူးမြင်လိုပါ သည်ဟု ဆိုသည်တွင်။ မြန်မာ ဗိုလ်မှူး တပ်မှူး တို့က။ ဗလမင်းထင်နှင့် စံလှကြီးတို့ကိုပြသပေ၏။တရုပ်ဗိုလ်မှူးတို့ က။ ထိုသူတို့ကို အနီးသို့ကပ်လာစေ၍။ ကြောသပ် လက် သပ် ပြုလုပ်ပြီးလျှင်....."ငါတို့က များစွာသောလူသူတို့နှင့် ကောင်းတုံမြို့ကို ဝန်းဝိုင်း လုပ်ကြံ သည်ကို။ သင်တို့က လူအနည်းငယ်မျှလောက်နှင့် မြို့ငယ် တပ်ငယ်တို့မှ ခုခံ၍။ ငါတို့ကို နိုင်ပလေသည်၊ တော်မေစွ။ အသင်တို့ကား။ နတ် ယောကျ်ားနှင့်အတူ ဖြစ်ပေသည်ဟု ချီးမွမ်းကြ၏။

## တိမ်ကြွားမင်းခေါင်။

တိမ်ကြွား မင်းခေါင်သည်။ တရုပ်မြန်မာ့စစ်ပွဲ၌ အင် အားကြီးမားသော တရုပ်တပ်ခွဲကြီးများနှင့် ရိက္ခာတင်များ ကို မိမိဘက်မှ စစ်သည်အင်အား အနည်းငယ်မျှလောက်





တရုပ်ရိက္ခာတပ်ကိုတိမ်ကြွား မင်းခေါင် တိုက်ခိုက်နေပုံ။

နှင့် ခုခံတိုက်ဖျက်နိုင်သဖြင့်။ ထင်ရှားလာခဲ့သူဖြစ်ပေသည်။ အထူးသဖြင့်၊ တရုပ်တို့၏ ရိက္ခာပို့ တင်များကို စစ်မြေ ပြင် နောက်ပိုင်းမှ နိုင်နိုင်နင်းနင်းဖျက်ဆီးနိုင်သဖြင့်။တရုပ် တို့ ရိက္ခာပြတ်လတ်၍။ လက်နက်ချ အရှုံးပေးလိုက်ရ လေ သည်။ တခါကလည်း "တိမ်ကြွား မင်းခေါင်၏ တပ်ခွဲအား၊ အလွန် အင်အား ကြီးမားသော တရုပ်တပ်တို့က ဝိုင်းဝန်း တိုက်ခိုက်သည်တွင်။ တိမ်ကြွားမင်းခေါင်တို့ လူရှမှာ အ လျှော့မပေးဘဲ။ ဝါးပိုးဝါးဖြင့်။ ခံတပ် တည်ဆောက်၍ ရဲရဲဝန့်ဝန့်ခုခံတိုက်ခိုက်ခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



# (၂၉) စာဆိုတော် ဦးစ။



ထူးမခြားနားသွဲ့ သီးချင်းကြီးကို ဦးစ စပ်ဆိုနေပုံ။

မြန်မာလူမျိုးတို့ ဓလေ့ထုံးစံအတိုင်း ကျင်းပပြုလုပ်သော အလှူအတန်း ပွဲလမ်းသဘင်များတွင် ဒူရိယာဝိုင်းများ က သီဆိုတီးမှုတ်လိုက်သော ရှေးဟောင်းသီချင်းကြီး သီချင်းခံများကို သင်တို့ကြားဘူးကြပေလိမ့်မည်။ ထိုသီချင်းကြီး သီချင်းခံများသည် များသောအားဖြင့် စာဆိုတော် ဦးစ ရေးသားခဲ့သော သီချင်းများသာ ဖြစ်ပေသည်။



## ငယ်စဉ်ဘဝ။

ဦးစသည် စစ်ကိုင်းမြို့ အနောက်ဘက် မိကျောင်းတက် ချောင်းရွာဇာတိ ဖြစ်၍။ ၁၁၂၈ ခုနှစ်။ တွင် ဖွားမြင် ခဲ့သူ ဖြစ်သည်။ မိခင်ဘခင်ဖြစ်သူတို့မှာ ဦးပေါက်ကျော်နှင့် ဒေါ် ငြိမ်းသာတို့ဖြစ်တည်။ ဦးစ ၆ နှစ်သားအရွယ်တွင် ဘခင် သေဆုံးသွားသဖြင့် မိခင်နှင့်သာအတူနေခဲ့ရသည်။ အသက် ၁၁ နှစ်သား အရွယ်တွင် မိခင်ဖြစ်သူက အင်းဝမြို့ မဲထီး ကျောင်း ဆရာတော်ထံတွင် အပ်နှံ ပေးသဖြင့် ရှင်သာမ ဏေပြု၍ စာပေသင်ကြားရသည်။

## အိမ်ထောင်ပြုခြင်း။

ဦးစသည် အရွယ်ရောက်စ လူလားမြောက်သည့် အခါ ချိန်တွင် ရှင်သာမဏေဘဝမှ လူထွက်၍ စစ်ကိုင်းမြို့ ပန်း တိမ်ဝန်ဟောင်း ဦးညွန့်၏သမီး မအေးနှင့် လက်ထပ်ပြီးလျှင် ယောက္ခမ မိဘတို့နှင့် အတူ ရွှေကျောက် ရောင်းဝယ် သောလုပ်ငန်းကို ကူညီလုပ်ကိုင် နေခဲ့သည်။ သို့သော် အိမ် ထောင်ကျ၍ များမကြာမီ ဦးစ အသက် ၁၉ နှစ် အရွယ် တွင် ဇနီးသည်သေဆုံးသွားသဖြင့်၊ မင်းနေပြည် အမရပူရ မြို့တော်ဘက်သို့ ကူးသွား၍ အိမ်ရှေ့ သံတော်ဆင့်လက်ျာ ပျံ့ချီထံတွင် စာရေးဝင်ရောက် လုပ်ကိုင်လေသည်။

## ရွှေဘုံနိဒါန်း။

ဦးစသည် အိမ်ရှေ့ သံတော်ဆင့် လက်ျာပျံ့ချီ ထံ၌ လုပ် ကိုင်နေစဉ်၊ "သုဝဏ္ဏသမ္ဘဝမာနနိဒါန်း" ခေါ် ရွှေဘုံနိဒါန်းကို ရေး

www.burmeseclassic.com

www.burmeseclassic.com

သားပြုရ လိုက်လေသည်။ ထိုရွှေဘုံနန်းဒေါင်းတွင် ထီးသုံးနန်းသုံးအသုံးအဆောင်များကို ပြည့်ပြည့်စုံစုံ ဘော်ပြရေးသားနိုင်သဖြင့် အိမ်ရှေ့မင်းနားသို့ပေါက်ကြားကာ၊ အပါးတော်၌ခစားထမ်းရွက်စေသည်။

## အဒိနောင်နန်းတွင်းဓာတ်။

ထိုအချိန်တွင် အမရပူရ နေပြည်တော်၌ ယိုးဒယားနန်းတွင်းဓာတ်များနှင့် ယိုးဒယားတေးသွားများ ခေတ်စား နေဆဲဖြစ်ပေသည်။ သို့သော် ထိုယိုးဒယားနန်းတွင်းဓာတ်များနှင့် တေးသွားများကို နန်းတွင်းသူ–နန်းတွင်းသားတို့ နားမလည်သဖြင့် အခက်အခဲ တွေ့နေစဉ်၊ ဦးစက အဒိနောင်နန်းတွင်းဓာတ်တော်ကြီးနှင့် တေးသွားများကို မြန်မာဘာသာသို့ ပြန်ဆိုပေးလိုက် လေသည်။ ဦးစ၏ ဂုဏ်သတင်း တို့သည်၊ ၎င်းနန်းတွင်းဓာတ် တခုတည်းဖြင့် ကျော်စောသွားတော့သည်။ မကြာမီ အိမ်ရှေ့သံတော်ဆင့်ရာထူးနှင့် ပြည်လုံးယူ လှေတော်မှူးရာထူးတို့ကို တပြိုင်တည်း ချီးမြှင့် ခန့်အပ်ခြင်းခံရသည်။

## စစ်ထွက်ခြင်း။

ဦးစသည် အိမ်ရှေ့သံတော်ဆင့် ရာထူး၌ ထမ်းရွက်နေစဉ်၊ မြန်မာဘုရင်ကို သစ္စာခံနေရသော မဏိပူရကသည်းပြည်မှ ပုန်ကန်ထကြွသဖြင့် မြန်မာတပ်တော်များကို အုပ်ချုပ်၍ ချီတက် တိုက်ခိုက်ရသည်။ အောင်ပွဲရ၍ ပြန်လာ



သောအခါ၊ မြန်မာဘုရင်ဘိုးတော် မင်းတရားက "နေမျိုးဇေယျာသူရဘွဲ့" ဖြင့် ချီးမြှင့်လိုက်သည်။

ဘိုးတော်ဘုရား နတ်ရွာစံ၍ မြေးတော် စစ်ကိုင်းမင်း နန်းတက်လာသောအခါ အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ပြန်သဖြင့် ဦးစအား "မင်းကြီးမဟာသီဟသူရဘွဲ့" နှင့် လက်ျာစစ်ကဲ ခန့်ပြီးလျှင် စစ်သူကြီးမဟာဗန္ဓုလ အုပ်ချုပ်သော ဓညဝတီပန်းဝါ စစ်ကြောင်း၌ ပါဝင်အမှုထမ်းစေသည်။ ဦးစကား၊ ပန်းဝါစစ်ကြောင်း၌ ရှေ့ချီတဆောင်းတပ်ကို ကွပ်ကဲ အုပ်ချုပ်၍ "ကက်ပတိန်နော်တင်" ကြီးမှူး သော အင်္ဂလိပ်စစ်တပ်ကို ချေမှုန်း တိုက်ခိုက်လိုက်လေသည်။

## ဦးစ၏အရည်အချင်း။

ဦးစသည်ယခုဖော်ပြခဲ့သည့်အတိုင်း လက်ရုံးရည်ရော နှလုံးရည်ပါ စွယ်စုံ ထူးချွန် သော ပညာရှိကြီး ဖြစ်ပေသည်။ သူကိုယ်တိုင် ကလည်း။ အင်္ဂလိပ်၊ လက်တင် စသော နိုင်ငံခြား ဘာသာ စကားများကို သင်ယူ လေ့လာထားသောကြောင့်။ အင်္ဂလိပ် သံအမတ်များနှင့် အထူးခင်မင်ရင်းနှီး လှပေသည်။ စစ်ကိုင်းမင်းနန်းကျ၍ ညီတော် ကုန်းဘောင်မင်း နန်းတက် လာသောအခါ။ ဦးစအား အထင်တော်လွဲ၍။ ခြေထွေ့ အကျဉ်းချထားလိုက်သည်။ သို့သော် ဘုန်းတော်ဘွဲ့ သီချင်းခံကြီး တပုဒ်ကို ထောင်ထဲမှ ရေးဖွဲ့ တင်သွင်းသဖြင့်။ မင်းဧကရာဇ် သဘောကျ၍ အကျဉ်းမှ လွတ်ဖြစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## မြဝတီဝန်ကြီး။

ဦးစသည် မြန်မာဂီတလောကၡ္ခံထင်ရှားသော သီချင်းကြီး သီချင်းခံများနှင့် ပတ်ပျိုး–ယိုးဒယား တို့ကို။ သူခတ္တ အောင် ရေးသားထားခဲ့သောကြောင့်၊ စာဆိုတော် ဦးစဟူ၍ ၎င်း။ဘကြီးတော်ခေါ် စစ်ကိုင်းမင်းလက်ထက်၌။ အတွင်း ဝန်ရာထူးမှ ဝန်ကြီး ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံရ၍။ မြဝတီမြို့ကိုပါ သနားတော်မြတ် ခံရသောကြောင့်၊ မြဝတီ ဝန်ကြီးဟူ၍၎င်း။ ထင်ရှားခဲ့ပေသည်။

ထိုပညာရှိကြီးသည်။ မင်းငါးဆက်တိုင်တိုင် အမှုထမ်း ခဲ့၍။ မင်းတုံးမင်းတရားကြီးလက်ထက် သက်တော် ၇၇နှစ် အရွယ်။ ၁၂၁၅–ခု၊ ဝါခေါင်လဆန်း ၁–ရက်နေ့တွင်။ ကွယ်လွန်သွားခဲ့သည်။

*************

## လေ့ကျင့်ခန်း (၇)

၁။ မင်းခေါင်နော်ရထာသည် မည်သူဖြစ်သနည်း။
၂။ အဘယ့်ကြောင့် ဘုရင်မင်းမြတ်ကို မင်းခေါင် နော်ရထာ ပုန်ကန်ရသနည်း။
၃။ ဗလမင်းထင်နှင့် ထီးခိုင်ကြား မင်းခေါင်တို့၏ စွမ်းရည် သတ္တိကို ဖော်ပြပါ။
၄။ စာဆိုတော်ဦးစသည် ယော်စဉ်က မည်ကဲ့သို့ နေထိုင် ခဲ့ရသနည်း။
၅။ ဦးစ၏ လက်ရိုးရည်နှင့် နှစ်လုံးရည် ရှိပုံကို။ အကျိုးအ ကြောင်းပြ၍ ရေးပါ။



## (၃၀) စစ်သူကြီးမဟာဗန္ဓုလ။

မိမိတမျိုးသားလုံးအား တိုင်း တပါး သား လက် အောက် ၌။ ကျွန် သား ပေါက် မဖြစ်စေရန်။ အ သက်စွန့်၍ ခုခံတိုက်ခိုက် ပေးခဲ့သော မြန်မာစစ်သူ ကြီးကား။ မဟာ ဗန္ဓုလ ပင် ဖြစ်တော့သည်။


တောဗန္ဓုလ။

### ငယ်စဉ်ဘဝ။

ဗန္ဓုလ၏ ငယ်နာမည် သည် မောင်ရစ်ဖြစ်သည်။ သူ သည် အောက် ချင်း တွင်းခရိုင်။ တပယင်း မြို့ တွင် ၁၁၄၄–ခုနှစ်။တန် ဆောင်မုန်းလဆန်း ၂ရက် နေ့၌ မွေးဖွား သည်။သူ၏ မိဘ များမှာ။ ဦးပေါက် တော နှင့် ဒေါ်မိဖြိုးမိတို့ ဖြစ်ကြသည်။ မိဘနှစ်ပါးမှာ လယ်ယာ ကိုင်း ကျွန်း လုပ် ကိုင် စားသောက်ရသောကြောင့်။ ဆင်းရဲနွမ်းပါးကြသည်။ မောင်ရစ်မှာ ညီအစ်ကို မောင်နှမ ၄ ယောက်အနက်။

www.burmeseclassic.com



အကြီးဆုံးဖြစ်သည်။ မောင်ရစ် ၁၃ နှစ်သား အရွယ်တွင် ဘခင်အနိစ္စရောက်သဖြင့်။ အမိမုဆိုးမနှင့်ညီငယ်နှမငယ်များကို ပင်ပင်ပန်းပန်း လုပ်ကိုင်၍ ရှာဖွေ ကျွေးမွေးရသည်။

## မင်းခစားထမ်းခြင်း။

မောင်ရစ်သည်။ စစ်အတိုက် အခိုက်၌ ဝါသနာပါးသဖြင့်။ ဘိုးတော်ဦးဗိုင်း၏မြေး စစ်ကိုင်းမင်းထံတွင် ကိုယ်ရံတော်တပ်သားအဖြစ်ဖြင့် ဝင်ရောက်အမှုထမ်း၏၊ ထိုသို့ထမ်းရွက်နေစဉ်။ မိမိဝတ္တရားကို ကြေပြွန်အောင်။ သက်စွန့်ကြိုးပန်း အမှုတော်ကိုထမ်းရွက်ခဲ့၏။

ဘိုးတော် ဦးဗိုင်း နတ်ရွာ စံသောအခါ။ စစ်ကိုင်းမင်းနန်းတက်၏။ မောင်ရစ်မှာ အိမ်တော်ပါ ငယ်ကျွန် ဖြစ်၍။ စစ်သားဘဝဖြင့်ပင် ဆက်လက် အမှုထမ်းရ၏။ သို့သော် ထင်ထင်ပေါ်ပေါ် ချီးမြှောက်ခြင်း မခံရသဖြင့် မကြေနပ်၍။ တနေ့သော ညီလာခံသဘင်တွင်။ မိမိနှင့်အတူ ခစားနေသောမင်းချင်းငယ်တယောက်ကို ယုတ်တရက်ထ၍ထောင်းထုလေ၏။

ထိုအခါ မောင်ရစ်ကို ဖမ်းဆီး၍ စစ်ဆေးရာ။ မောင်ရစ်က–"မှန်လှပါ။ ထားလျှင်လည်း ရှင်ရပါမည်။ သတ်လျှင်လည်း သေရပါမည်။ ကျွန်တော်မျိုးသည် အရှင့်အမှုတော်ကို ထမ်းရွက်လာသည်မှာ ကြာမြင့်ဖြစ်သော်လည်း။ ထင်ထင်ပေါ်ပေါ်မရှိ။ အချီးအမြှောက် မခံရသောကြောင့်။ ထင်ပေါ်လို၍ ဤသို့ပြုမူခြင်း ဖြစ်ပါသည်"ဟု ရဲဝံ့စွာ တင်လျှောက်လေ၏။



စစ်ကိုင်းမင်းလည်း။ မောင်ရစ်၏ လျှောက်ထင်ချက်ကို နှစ်သက်အားရတော်မူ၍။ သံတော်ဆင့်အရာကို ပေးတော်မူသည်၊ မကြာမီ အလုံမြို့ဝန်ရာထူးကို ပေးအပ်ပြန်သည်။

## မဟာဗန္ဓုလဘွဲ့။

၁၁၈၁–ခုတွင်။ မဏိပူရ စော်ဘွား ပုန်ကန် ထကြွသဖြင့်။ အလုံမြို့ဝန်ကို ဗိုလ်မှူးခန့်၍ စေလွှတ် တိုက်ခိုက်စေရာ အောင်နိုင်ခဲ့သဖြင့်။ "မဟာဗန္ဓုလ"ဟူသောဘွဲ့ဖြင့် ချီးမြှင့်တော်မူသည်၊

ထိုနောက် ၂–နှစ်မျှအကြာ။ အာသံ စော်ဘွား ပုန်ကန်ထကြွသည်ကိုလည်းချိုတက်နှိမ်နင်းရပြန်သဖြင့်။ပြန်ရောက်သောအခါတွင်၊ "အဂ္ဂ မဟာ သေနာ ပတိ ဝန်ကြီး" ခန့်တော်မူသည်၊



အင်္ဂလိပ်စစ်တပ်အား မြန်မာစစ်တပ်များက တိုက်ခိုက်နေပုံ။

## အင်္ဂလိပ်မြန်မာစစ်ပွဲ။

၁၁၈၅–ခုနှစ်တွင်၊ ရခိုင် ပြည်ရှင်မပြူကျွန်းအရေးနှ



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်၍။ အင်္ဂလိပ်နှင့်မြန်မာတို့ စစ်ဖြစ်ကြတော့သည်။ ထိုစစ်ပွဲတွင် မဟာဗန္ဓုလအား "ဗိုလ်မှူး ဝန်ကြီး သတိုးမင်းကြီး မဟာဗန္ဓုလ" ဟူသော ဘွဲ့ဖြင့် ဗိုလ်ချုပ် ခန့်ကာ။ ရခိုင်စစ်မျက်နှာသို့ ချီတက်တိုက်ခိုက်စေသည်။ ရခိုင် စစ်မျက်နှာတွင် မြန်မာတို့ဘက်မှ စစ်အောင်ပွဲများ ရနေစဉ်။ အင်္ဂလိပ်တို့က ရေကြောင်းဘက်မှ လှည့်၍ ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းယူ သောကြောင့်။ မဟာဗန္ဓုလနှင့် မြန်မာတပ်တော်များ ပြန်လည် ဆုတ်ခွာခဲ့ရသည်။

## ဗန္ဓုလနှင့် ဓနုဖြူ။

ရခိုင်စစ်မျက်နှာမှ ဆုတ်ခွာ လာခဲ့ရသော။ မြန်မာတပ်တော်များသည်။ ရန်ကုန်မြို့သို့ ဆက်လက် ချီတက်၍ အင်္ဂလိပ်တို့ကို တိုက်ခိုက်ကြတော့သည်။ အင်္ဂလိပ်တို့ ဘက်မှလည်း ရွှေတိဂုံ ကုန်းတော်ကို အခြေခံစခန်းပြု၍။ လက်နက်ကောင်းများနှင့် ခုခံတိုက်ခိုက်ကြတော့သည်၊ စစ်ဗိုလ်ချုပ်ကြီး မဟာဗန္ဓုလမှာ။ မြန်မာ စစ်တပ် များကို ကွပ်ကဲ၍။ အင်္ဂလိပ် တို့ကို အကြိမ်ကြိမ် တိုက်ခိုက် ပါသော်လည်း။ မအောင်နိုင်သဖြင့်။ ဓနုဖြူမြို့ အထိ ဆုတ်ခွာရ ပြန်သည်။ ဓနုဖြူမြို့တွင် ကြီးကျယ်ခိုင်ခန့်သောခံတပ်များကိုဆောက်လုပ်၍။ အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ကြသည်။ ထိုသော်အင်္ဂလိပ်တို့ဘက်မှ လက်နက်အင်အား ပိုမိုကောင်းမွန်သဖြင့် မြန်မာခံတပ်ကို ကုန်းတပ်–ရေတပ်–နှစ်ဘက် ညှပ်၍။ ဗုံးအမြောက်တို့နှင့်ပိုင်းဝန်းပစ်ခတ်ကြရာ၊ ၁၁၈၆–ချုန္နှောင်း



တန်ခူးလဆန်း ၁၄–ရက်နေ့ နံနက်တွင်။ မဟာဗန္ဓုလကို ဗုံးဆံထိမှန်၍ ကျဆုံးသွားရတော့သည်။

## ဗန္ဓုလ၏အရည်အချင်း။

မဟာဗန္ဓုလသည်။ ရဲစွမ်း သတ္တိရှိ၏။ အမှုတော်ကို ကြေပြွန်စွာ ထမ်းရွက် တတ်၏။ ရှေ့ရေး နောက်ရေးကို ဝေဘန် နိုင်းဆတတ်၍။ စိတ်သဘောထား ကြီးမား၏၊ မိဘကို ရိုသေလေးစား၏။

ရှေ့ရေးကို ကြိုတင်သိမြင်ပုံကား၊ ရခိုင် စစ်မျက်နှာ၌ အင်္ဂလိပ်တို့နှင့် တိုက်ခိုက်နေစဉ်၊ ရန်ကုန်မြို့ကို အင်္ဂလိပ်တို့က ရေကြောင်းမှ တိုက်ခိုက်နိုင်ကြောင်းကို ကြိုတင်တွက်ဆ ထားသဖြင့်၊ နေပြည်တော်သို့ ခြေမြန်တော် စေလွှတ်၍ရန်ကုန်မြို့ကို အင်အားတောင့်တင်းသော စစ်တပ်များဖြင့်ကြိုတင်ကာကွယ်ထားရန်အစီရင်ခံခဲ့ပေသည်။


စိတ်သဘောထား ကြီးမားပုံမှာကား။ အင်္ဂလိပ်တို့က ဖမ်းမိထားသော မြန်မာစစ်များကို ကောင်းစွာ ပြုရထားသည်ဟုကြားလျှင် မြန်မာတို့ ဖမ်းမိထားသော အင်္ဂလိပ် စစ်သားများကိုလည်း။ ကောင်းမွန်စွာ ပြုစုစေရန်၊ အမိန့်ထုတ်ခဲ့သည်။

ယခုခေတ် မြန်မာ လူငယ်တို့သည် ဗန္ဓုလကဲ့သို့ ရဲရင့်ဘည်ကြည်သော စိတ်ဓါတ်ကို မွေးမြူ၍၊ ထူးချွန်သော ပြည်တော်လုကောင်းများ ဖြစ်လာရန် ကြိုးစားသင့်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com


## (၃၁)မိဖုယားမဖြကလေး။



မဖြကလေးကိုဘုရင်ကောက်ယူတော်မူပုံ။

သက္ကရာဇ် ၁၁၀၁ ခုနှစ်။ အင်း ၀ ထီးနန်း ကိုသိမ်းမြန်း အုပ် စိုးသော ဘကြီး တော်မင်းတရားခေါ် စစ်ကိုင်းမင်း လက်ထက်တွ င်အမျိုး သို့း စာဆိုတော်များ-ထွန်းကား ပေါ်ပေါက် လာကြကုန် သည်။ ထိုအမျိုးသို့း စာဆိုတော်များအနက် ထူးခြား ထင် ပေါ်သောမဖြကလေးသည်-ကုန်းဘောင်မင်း၏အနောက် နန်းမိဖုရားဖြစ်သည်။

### ငယ်စဉ်ဘဝ။

မဖြကလေးသည်။သာရဝေါ်လှေတော်ပဲ့နင်းမင်းပျံချီနှင့် မယ်ဗိုတို့မှ ၁၀၇၁ ခုနှစ်တွင်ဖွါးမြင်ခဲ့သောသို့း ဖြစ်၍ ငယ် မည် မဖြကြိုတ်ဖြစ်သည်။ မဖြကြိုတ်သည်၊ငယ်စဉ်ကလည်း ကလှပယဉ်ကျေးသိမ်မွေ့သော အမျိုးသို့း ဖြစ်သောကြောင့် ဒိမ်နီးပါးချင်း တို့က အထူး ချစ်ခင်ကြ၍ နာမည် အဖျား ဆွတ်ကာ "မြမြ" ဟုခေါ် စမှာ်ပြုသည်။ မဖြကြိုတ်၏ ဘ ခင်ဖြစ်သူ မင်းပျံချီမှာလည်း၊ ရာဇသတ် မွေသတ်တို့၌၊ နှံ့စပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့်၊ သို့းကလေး

မဖြကြိုတ်ကိုစာပေ ပညာနှင့်တကွ လူမှုရေးရာ ယဉ်ကျေး မှုများကို သင်ကြား ပြသပေးခဲ့သည်။

### ဒိမ်ရှေ့မင်းကကောက်ယူခြင်း။

မဖြကြိုတ်အရွယ်ရောက်လာသောအခါ၊ ကုန်းဘောင် မင်းဟု ထင်ရှားလတ်သော၊ သာယာဝတီ မြို့စား မင်း သားသည် ပုသိမ်မြို့သို့ စုံဆင်းတော်မူစဉ်။ မဖြကြိုတ်ကို တွေ့ရှိ၍ တိမ်းညွှတ်တော်မူသော ကြောင့် သိမ်းပိုက်တော် မူသည်။ သာယာဝတီမင်းသားက၊ မဖြကြိုတ်ကို ထွန်းစွာ ချစ်မြတ်နိုးသဖြင့် "မြကလေး" ဟူ၍ ခေါ်ဝေ့ရှိသည်။ မင်း နေပြည်သို့ ရောက်သောအခါ မဖြကလေးအား၊ ဒိမ်ရှေ့ မိဖုရားအဖြစ်နှင့် ချီးမြှောက်တော်မူသည်။

### အနောက်နန်းမိဖုရား။

ဘကြီးတော်မင်းတရား နတ်ရွာစံ၍ ညီတော် သာယာ ဝတီမင်းသား နန်းတက်သောအခါ၊ မဖြကလေးကို ကြီး ကျယ် ခမ်းနားစွာ ဘိသိက် သွန်းပြီးလျှင် "သိရိမဟာ သုရ တနာစန္ဒာဒေဝီ" ဘွဲ့နှင့် အနောက်နန်းတော်ကို ချီးမြှောက် ပေးသနားတော်မူသည်။ ထိုအခါမှစ၍ အနောက်နန်း မဖြ ကလေးဟုတွင်၏။

### မဖြကလေး၏နှလုံးရည်။

မဖြကလေးသည် ရုပ်ဆင်းအင်္ဂါ ချောမောသလောက် စိတ်သဘောထားပြည့်ဝသူ အမျိုးသို့း ဖြစ်သည်။ သီချင်း

www.burmeseclassic.com

www.burmeseclassic.com

ကြီး သီချင်းခံများတို့ ကိုယ်တိုင် ရေးစပ် သီဆို နိုင်သဖြင့် တုန်းဘောင်မင်း၏ အထူးယုယ မြတ်နိုးခြင်းကို ခံရသည်။ မင်းတရားကြီး စိတ်ညစ် ညှုး တော် မူသည့် အခါတွင် ကိုယ်တိုင် သီချင်းများကို သီဆို၍ ဖျော်ဖြေလေ့ ရှိသည်၊ မမြကလေး ရေးစပ်ခဲ့သော တေးကြီး ဘွဲ့ကြီး များကား၊ ယနေ့ထက်တိုင် မြန်မာစာပေ လောကနှင့် ဂီတလောက တွင်ထင်ရှားစွာ တည်တံ့ခိုင်မြဲလျက် ရှိခဲ့ပေသည်။

---

## (၃၂) စလေဦးပုညး

စလေ ဦးပုညသည် စာရေးကောင်းသဖြင့်။ မြန်မာနိုင်ငံ သမိုင်း၌ ထင်ရှား ခြင်း ဖြစ်ပေသည်။ ဦးပုညကို ရောဝတီ မြစ်ကမ်း စလေမြို့ တိုက်ရှပ်တွင် ၁၁၇၄-ခုနှစ် ကဆုန် လဆန်း ၁၃-ရက်နေ့၌မွေးဖွါးခဲ့သည်။ မိဘတို့မှာ ဦးမြတ် ထွားနှင့် ဒေါ်ဆုံတို့ဖြစ်ကြသည်။

### ငယ်စဉ်ဘဝ။

ဦးပုည၏ငယ်မည်မှာ မောင်ပုတ်စည်ဖြစ်သည်။သူငယ် စဉ်က။ စည်တော်ကို ပုတ်ခတ်ကစားသောကြောင့်။ မောင်



ပုတ်စည်ဟု အမည်ရခဲ့ခြင်း ဖြစ်ပေသည်။ အသက် ၅-နှစ် အရွယ်တွင် မွေးဖွါးရာ တိုက်ရှပ်၏ အရှေ့တောင်ဘက်၌ ရှိသော ခင်ကြီးစကျောင်းတိုက်၌ ပညာစသင်သည်။ဥာဏ် အလွန်ကောင်းသူ ဖြစ်သောကြောင့်။ သင်ပုန်းကြီး တစောင်



မမောင်ပုညငယ်စဉ်က စည်ကိုပုတ်ကစားနေပုံ။

လုံးကို ၁၀-ရက်တည်းနှင့် အလွတ်ရအောင် ကျက်ဆိုနိုင် ပေသည်။ ထိုနောက် မင်္ဂလာသုတ်၊ ပရိတ်ကြီး စသော ဗုဒ္ဓ ဘာသာ စာပေများကို လ အနည်းငယ်အတွင်း၌၊ နှုတ အလွတ်အာဂုံရအောင် သင်ကြားသွားပေသည်။

### ဆုချီးမြှင့်ခံရခြင်း။

ဦးပုည၏ ဘခင်မှာ သာယာဝတီ မင်းသား၏ အကြီး

www.burmeseclassic.com

တော်ဖြစ်သဖြင့်။ ဘခင်နှင့်အတူ အမရပူရမြို့တော်သို့ လိုက်သွား၍။ သာယာဝတီမင်းသား အိမ်တော်တွင် ဝင်ရောက်ခစားလေသည်။ သာယာဝတီ မင်းသားက ဦးပုညအား ဓဇဂ်သုတ်ကို ပါဠိအနက်နှင့်တကွ ပြန်ဆိုခိုင်းရာ။ မထစ်မငေါ့ပြန်ဆိုနိုင်သဖြင့်။ ကတ္တီပါ အင်္ကျီနှင့် အချိတ်ပုဆိုး ထည်စီ ငွေဘဦးသာ တို့ကိုချီးမြှင့်ခြင်းခံရလေသည်။ နောက်များမကြာမီ ဓာတ်ကြီး ဆယ်စောင်နှင့် သဒ္ဒါ သင်္ဂြိုဟ်တို့ကို တတ်မြောက်သော အခါ တွင်လည်း။ ဆုတော်ငွေ တဆောင်နှင့် အဘိုးတန် ပစ္စည်းများဖြင့် ချီးမြှင့်ခြင်း ခံရပြန်သည်။

## သာမဏေဘဝ။

သာမဏေပြုချိန်ရောက်သော အခါ ဘခင် ဦးမြတ်ထွားက။ သား မောင်ပုတ်စည်ကို စလေမြို့ ခင်ကြီးသာ ထံတွင် အပ်နှံ၍ ရှင်သာမဏေပြုစေသည်။ သာမဏေဘွဲ့မှာ။ ရှင်ပုညဖြစ်သည်။ သာမဏေဘဝတွင်လည်း၊ မြန်မာစာပေ၏အဆီအနှစ် ဖြစ်သော ကျမ်းကြီး ကျမ်းငယ် များနှင့် ကဗျာ လင်္ကာ ရေးသားနည်းတို့ကို ဆက်လက် သင်ယူလေသည်။ ထိုသို့သင်ယူသဖြင့်၊ ပညာ ဗွယ်ရုံ တတ်မြောက် လာသော ကြောင့်။ မေတ္တာစာ၊ ဆားတပ်။ ဟောစာ များကို စတင် ရေးသားရာ လူကြိုက်များလာခဲ့ပေသည်။





ဦးပုညရေးသော၊ ရေသည်ပြဇာတ်–ကပြနေပုံ၊

## မင်းလှသင်္ချာဘွဲ့။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင်။ ရှင်သာမဏေဘဝမှ လူထွက်၍ မင်းမှုထမ်းရာ။ "မင်းလှသင်္ချာ" ဘွဲ့နှင့် ရွာစည်ရွာကို ပေးသနားခြင်းခံရသည်။

## မြင်ကွန်းအရေးတော်ပုံ။

၁၁၂၈ ခုနှစ် တွင် မင်းတုန်းမင်းတရားကြီး၏ သားတော်မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့သည် ပုန်ကန်ထကြွ၍ ဘထွေးတော်အိမ်ရှေ့မင်းနှင့် မင်းညီမင်းသားအချို့ကို လုပ်ကြံ သတ်ဖြတ် လိုက်ကြလေသည်။ အရေးတော်ပုံ ပြီးငြိမ်းသောအခါ၊ ဦးပုညအား ထိုအရေးတော်ပုံတွင် အခါ

www.burmeseclassic.com



ဦးပုည အသက်မခံရမီ၊ ကဗျာရေးနေပုံ။

ပေးသည်ဟု ယူဆ၍ ဘုမ်းဆီးချုပ်နှောင် လိုက်လေသည်။ မကြာမီပင် ဦးပုညအား ဘမ်းဆီးချုပ်နှောင်ရသူ မြောက်မြို့ဝန် ဦးသာအိုးက၊ သူ၏မယားငယ်များနှင့် သက်ါမကင်းဟု စွပ်စွဲပြီးလျှင် သတ်ဖြတ်လိုက်လေသည်။

နောက် ၅-လခန့်ကြာလတ်လတ်၊ မင်းတုန်းမင်းတရားကြီးသတိရသော်မှသာဖြင့်၊ ဦးပုညကို မေးတော်မူရာ လက်လွန်ကြောင်းကိုသံတော်ဦးတင်လျှင် "လူကိုခွေးသတ်လေခြင်း" ဟု မိန့်တော်မူ၏။

ဦးပုညသည် စာပြောင်စာ ရွှမ်းများကို ရေးသားခြင်း၌ အစားထိုး၍ မရအောင် စကားလုံး ရေးစပ်လှသည်။ ဘုရင့်ရှေ့တော်၌ ကပြရသော ပြဇာတ်များကိုလည်း ညတွင်းချင်းပြီးအောင် ရေးလေ့ရှိသည်။ ဦးပုည ကောင်းစားသောခေတ်တွင် အခြားသူများရေးသော စာကောင်းပေကောင်းမှန်လျှင် ဦးပုညရေးသည်ဟုပင် အထင်ရှိကြသည်။



# (၃၃) ဗိုလ်ချုပ်အောင်ဆန်း။



ဗိုလ်ချုပ်
အောင်ဆန်း

၁၉၁၄-ခုနှစ်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ တွင်။ တောင်တွင်းကြီးခရိုင် နတ်မောက်မြို့၌ ဗိုလ်ချုပ် ဦးအောင်ဆန်းကို ဖွားမြင်ခဲ့သည်။ သူ၏ မိဘများမှာ။ အမိန့်တော်ရ ရှေ့နေ ဦးဖါးနှင့် ဒေါ်စုတို့ ဖြစ်ကြသည်။

**ငယ်စဉ်မှတ်ဖွယ်ရာ။**

ဗိုလ်ချုပ် အောင်ဆန်းသည် ဇနေသားဖြစ်၍ မွေးချင်းပေါက်ဖော် ၆-ဦးအနက် အငယ်ဆုံး ဖြစ်သည်။ သူ့ မိဘများက

www.burmeseclassic.com

www.burmeseclassic.com

မောင်ထိန်ဝင်းဟုအမည်ပေးခဲ့ကြသော်လည်း၊ သူ့အထက်က အစ်ကိုဖြစ်သူမှာ အောင်သန်းဟု အမည်မှည့်ခေါ်ထားခြင်းကြောင့် သူကိုလည်း လူအများက အောင်ဆန်းဟု ခေါ်ဝေါ်လာခဲ့ကြပေသည်။

## ဖြောင့်မှန်သောစိတ်ဓါတ်။

ငယ်စဉ် အခါက အောင်ဆန်း ကလေးသည်၊ အခြားကလေးများနှင့်မတူ၊ စကားများများပြောလေ့ ပြောထ မရှိဘဲ ရှုပ်တည်တည်နှင့် တဦးတည်း ကစားနေလေ့ ရှိတတ်၏။ သို့သော်ရိုးသား ဖြောင့်မှန်သော စိတ်ဓါတ်မှာငယ်စဉ်ကတည်းကပင် ရှိခဲ့သည်။

## ကျောင်းသားဘဝပညာသင်ကြားခြင်း၊

အသက် ၇–နှစ်သားအရွယ်တွင်၊ နတ်မောက်မြို့၊ဆရာတော် ဦးသောဘိတကျောင်းသို့ အပ်နှံ ထားခဲ့သော်လည်း။ အင်္ဂလိပ်ကျောင်းသို့သွား၍ စာသင်မည်ဟု မိဘများကို အကြိမ်ကြိမ်ပူဆာသောကြောင့် ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းသို့ ပို့သွတ် လိုက်ရလေသည်။ ထိုရေနံချောင်း၌ ၁၀–တန်းအောင်သောအခါ။ ရန်ကုန် တက္ကသိုလ်သို့ဝင်ရောက်၍ ပညာဆက်လက် သင်ကြားပြန်သည်။

တက္ကသိုလ်ကျောင်းသားတဦးဖြစ်လာသော ကိုအောင်ဆန်းမှာ ကြွားချင်း ဝါခြင်းမရှိ၊ရိုးရိုးပင် ဝတ်စားနေထိုင်၍ ကျောင်းစာများကို ကျက်ခြင်း။ အားလပ်ချိန်များ၌ နိုင်ငံရေးစာအုပ်များကို ဖတ်ရှုလေ့ ရှိခြင်းတို့ဖြင့်သာ။ အချိန်တုန်



လွန်စေခဲ့သည်။တက္ကသိုလ်ရိပ်သာတွင် ၂–နှစ်ကျော်၊ ၃နှစ်ခန့် ရှိလှုံမိသောအခါ။ ကျောင်းသားများ၏ အရေးကို ရှေ့တန်းမှ ရွတ်ချွတ် ချွန်ချွန် လုပ်ကိုင် ပေးသောကြောင့် နာမည်ကြီးလာခဲ့ပေသည်။ မကြာမီ တက္ကသိုလ်သမဂ္ဂ၌ အမှုဆောင်ဘဝနှင့်။ သမဂ္ဂ ဒုတိယ ဥက္ကဋ္ဌနှင့်။ မြန်မာနိုင်ငံလုံး ဆိုင်ရာ–ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ ရာထူးများကို ဆင့်ကဲ ဆင့်ကဲ ရွေးကောက် တင်မြှောက်ခြင်း ခံခဲ့ရသည်။ တက္ကသိုလ်ကျောင်းတွင်ဝိဇ္ဇာတန်း ( ဘီ–အေ )ကို အောင်မြင်၍•ဥပဒေတန်းကိုဆက်လက် သင်ကြားနေစဉ်၊ နိုင်ငံရေးဘက်၌ ဝိုမိုစိတ်အားထက်သန်လာသောကြောင့် ကျောင်းမှ၊နုတ်ထွက်လိုက်ကာ ဒို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့လေသည်။

## နိုင်ငံခြားသို့ထွက်ခွါသွားခြင်း။

ဒို့ဗမာအစည်းအရုံး၌ သခင်အောင်ဆန်းဘဝဖြင့်၊နိုင်ငံရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ်၊ ဒုတိယကမ္ဘာစစ်ပွဲကြီး စတင် ဖြစ်ပွါးလာလေသည်။ ထိုဖြစ်ပွါးလာသော စစ်ကြီးနှင့်အတူ။ ဗမာ့လွတ်လပ်ရေးရရန် သင့်တော်ရာ ကြိုးပမ်းဆောင်ရွက်ကြအံ့ဟု သခင်အောင်ဆန်းနှင့် လူငယ် နိုင်ငံရေးသမားတစုတို့က ဆုံးဖြတ်ထား ကြသည်။ ထိုဆုံးဖြတ်ချက်အတိုင်း၊ နိုင်ငံခြားအကူအညီကို လိုက်လံရှာဖွေရာ။ကျွန်ုပ်ဖြည့်နှင့် တိတ်တဆိတ် ဆက်သွယ်မှု ရရှိသောကြောင့်။ ၁၉၄၀–ပြည့်နှစ်။ အောက်တိုဘာလတွင် သခင်အောင်ဆန်းနှင့် သခင် လှမြိုင်ခေါ်– ဗိုလ်ရန်အောင်တို့မှုသည်

www.burmeseclassic.com



ဂျပ် သဘော်သားယောင်ဆောင်၍ မြန်မာပြည်မှ တိတ်တဆိတ် ထွက်ခွါသွားကြသည်။ ထိုနောက်တွင် မြန်မာ လူငယ်များ တသုတ်ပြီးတသုတ် ထွက်ခွါသွားကြပြန်သည်။


## ဗမာ့လွတ်လပ်ရေးတပ်မတော်။

၁၉၄၁ ခုနှစ်။ ဒီဇင်ဘာလ ၈ ရက်နေ့တွင်။ ဂျပန်နှင့် အင်္ဂလိပ် အမေရိကန်တို့ စစ်ဖြစ်ပွါး ကြတော့သည်၊ ထိုအချိန်က သခင် အောင်ဆန်းနှင့် နိုင်ငံရေး ဆောင်ရွက်ဘက် ရဲဘော်တစုတို့သည် ယိုးဒယားပြည်သို့ ဂျပန် စစ်တပ်များနှင့်အတူ။ ကြိုတင် ရောက်ရှိပြီး ဖြစ်သဖြင့်။ (ယိုးဒယားပြည် ဘန်ကောက်မြို့တော်တွင်။) ၁၉၄၁ ခုနှစ်၊ဒီဇင်ဘာလ ၂၈ ရက်နေ့၌။ ဘီ အိုင်းအေ ခေါ် ဗမာ့ လွတ်လပ်ရေး တပ်မတော်ကို စတင် ဖွဲ့စည်း လိုက်လေသည်။ ထိုတပ်မတော်ကို စတင် ဖွဲ့စည်းစဉ်က။ သခင်အောင်ဆန်း အပါ အဝင်ရဲဘော်သုံးကျိပ်တို့သည်။ လက်ရုံးသွေးဖေါက်၍ သစ္စာရေ သောက်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် ဗိုလ်ချုပ်အောင်ဆန်းသည်။ စစ်သေနာပတိချုပ် ဖြစ်၍။ဗိုလ်တေဇအမည်ကို ခံယူခဲ့သည်။

ဗိုလ်ချုပ်သည် ဂျပန်ခေတ်တွင်၊ စစ်သေနာပတိရာထူးနှင့် စစ်ဝန်ကြီး ရာထူးများကို အဆင့်ဆင့် ပြောင်းလဲထမ်းရွက်ခဲ့ရသည်။ ထိုသို့ထမ်းရွက်နေစဉ်။ မြန်မာတိုင်းသူ ပြည်သားများအား။ ဂျပန်တို့က အမျိုးမျိုး ညှင်းပန်း နှိပ်စက်သဖြင့်။ ဗိုလ်ချုပ်၏ ဗမာ့ တပ်မတော်နှင့် အခြားသော အာ



သင်း အဖွဲ့တို့ပူးပေါင်း၍၊ ဖက်ဆစ် ဂျပန် တော်လှန်ရေးကို ၁၉၄၅–ခု။ မတ်လ ၂၇ ရက်နေ့တွင် စတင်ခဲ့လေသည်။



ဗမာ့လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်

## သမတနိုင်ငံတော်သို့။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ ဗိုလ်ချုပ် အောင်ဆန်း နှင့် မြန်မာအမျိုးသား ခေါင်းဆောင် တို့ကလည်း။ ဖက်ဆစ် တော်လှန်စဉ်က သွေးစည်း မိခဲ့သောလုထု အင်အားကိုယူ၍။ ဖက်ဆစ်ဆန့်ကျင်ရေး–ပြည်သူ့လွတ်မြောက်ရေး။ (ဖ ဆ ပ လ) အဖွဲ့ချုပ်ကြီးကို တည်ထောင်ပြီးလျှင်။ လွတ်လပ်ရေး သောင်းဆို ကြတော့သည်။

www.burmeseclassic.com


www.burmeseclassic.com



ထိုသို့လွတ်လပ်ရေးရရန်၊ ကြိုးပမ်း ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် သူ့သတ်သမားတို့၏လက်ချက်ဖြင့် လုပ်ကြံခံရလေ၏။ ဗိုလ်ချုပ် မရှိသည့်နောက်။ သခင်နုက ဗိုလ်ချုပ်နေရာတွင် ဆက်ခံ၍ လွတ်လပ်ရေး ကြိုးပမ်းမှုတာဝန်များကို ထမ်းဆောင်လာခဲ့ရာ။ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့နံနက် ၄ နာရီမိနစ် ၂၀ တိတိအချိန်တွင် (လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကြီး)ဟု ကမ္ဘာသိအောင် ကြေညာနိုင်ခဲ့ပေသည်။

## ဗိုလ်ချုပ်လမ်းစဉ်။

ဗိုလ်ချုပ် အောင်ဆန်းသည်။ မြန်မာ နိုင်ငံသစ်ကြီးကို တည်ထောင်ရန် သူမကွယ်လွန်မီက၊ လမ်းစဉ် ၃ ရပ်ကို ချမှတ်ပြဋ္ဌာန်းခဲ့သည်။ ၎င်းတို့ကား၊ (၁) တမျိုးသားလုံး ညီညွတ်ရေး။ (၂) ဝမ်းစာ ဖူလုံရေးနှင့် (၃) အကျင့်စာရိတ္တ ကောင်းမွန်ရေးတို့ ဖြစ်ကြသည်။ ဗိုလ်ချုပ်လမ်းစဉ် ၃ ရပ်ကို ကျောင်းသား လူငယ်တိုင်း ကျက်မှတ်၍။ ကျောင်းမှထွက်သောအခါ၊ လက်တွေ့ လိုက်နာကျင့်သုံးသင့်ပေသည်။



www.burmeseclassic.com